ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ သောကြာနေ့၊ (29-8-2003) (၃၉၇၇)

ယနေ့ထုတ် စောင်ရေ ၂၁၀၃၆၈

မာတာပိတု ဥပဋ္ဌာနံ တော် မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏ ငါး၊ ပုစွန် ထုတ်လုပ်မှုနှင့် အသားမျိုးစုံထုတ်လုပ်မှု တိုးတက်လျက်ရှိ ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့၍ နိုင်ငံခြားငွေ ရှာဖွေပေးနိုင်သည့် ကဏ္ဍဖြစ် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် အဘက်ဘက်မှ ပျိုးထောင်ပေးနေ

ရန်ကုန် သြဂုတ် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံပြီး ဝန်ကြီးဌာနတို့၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမသို့ ရောက်ရှိလာကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီး ဦးအောင်သိန်းတို့က ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂)တို့သည် ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပဏာမ မှာကြားရှင်းလင်းရာ၌ အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍနှင့်အတူ သားငါးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ လူတစ်ဦးချင်း၏ အသားစားသုံးမှုနှင့် ငါးစားသုံးမှုနှုန်းများ တိုးတက်လာနေသကဲ့သို့ နိုင်ငံတော်၏ ငါး၊ ပုစွန် ထုတ်လုပ်မှုနှင့် အသားမျိုးစုံ ထုတ်လုပ်မှုမှာလည်း တိုးတက်လျက်ရှိသည်ကို တွေ့ရှိနေရကြောင်း။

ပျိုးထောင်ပေးလျက်ရှိ

ပြည်တွင်းစားသုံးမှုအတွက်သာမက ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့၍ နိုင်ငံခြားသုံးငွေ ရှာဖွေပေးနိုင်သော အရေးကြီးသည့် စီးပွားရေးကဏ္ဍဖြစ်၍လည်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ အားပေးပျိုးထောင်ပေးလျက်ရှိကြောင်း။

ယနေ့ မိမိတို့ လာရောက်သည်မှာလည်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအမံများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ ပံ့ပိုးအကူအညီပေးနိုင်ရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက သားငါး မျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူးရန်၊ ပုစွန်မွေးမြူရေးလုပ်ငန်း တိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ကျေးလက်ဒေသ မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဇောက်ချဆောင်ရွက်ရန်ဟူ၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သားငါးကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များကို ချမှတ်ပေးထားပါကြောင်း။

သားငါးကဏ္ဍကို တာဝန်ယူဆောင်ရွက်ရသည့် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မူဝါဒရည်မှန်းချက်ရှစ်ရပ် ချမှတ်၍ လုပ်ငန်းများ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၁) စက်မှုဝန်ကြီးဌာနပြခန်းတွင် ကြည့်ရှုလေ့လာကြစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror
၂၉-၈-၂၀၀၃
(သောကြာနေ့)

မြန်မာ့ရိုးရာယဉ်ကျေးမှုဖော်ထုတ် မြန်မာမှုမြန်မာ့ဟန်ဖြင့်ပါဝင်ယှဉ်ပြိုင်

နိုင်ငံတော်အစိုးရသည် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၁၂ ရပ်ချမှတ်၍ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

အဆိုပါဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်တွင် **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး** ဟူသည့် ဦးတည်ချက်တစ်ရပ်ပါရှိသည်။

ယင်းဦးတည်ချက်နှင့်အညီ နိုင်ငံတော်က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးနေခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမပျောက်ပျက်စေရေး ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် ကောဒသမအကြိမ် (၁၁ ကြိမ်) ပြိုင်ပွဲကြီးကို မကြာမီကျင်းပတော့မည် ဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၆ ရက်နေ့က ကျောက်တန်းမြို့ ရွှေမော်ဝန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးပြီး ဖွင့်ပွဲအခမ်းအနားတွင် ကပြ၊ သီဆို၊ တီးခတ် ဖျော်ဖြေကြသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

ယခုအချိန်သည် ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပရန် နီးကပ်လာပြီဖြစ်ရာ ပြည်နယ်၊တိုင်း၊ခရိုင်များအလိုက် အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲများကျင်းပပြီး ဆန်ခါတင် ရွေးချယ်လျက်ရှိသော အချိန်အခါ ဖြစ်သည်။

သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊ခရိုင်အဆင့်ပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရွေးချယ်လျက်ရှိရာ ပညာရှင် အဆင့်၊ ဝါသနာရှင်အဆင့် အဆို၊ အက၊ အရေး၊ အတီး၊ အနုပညာရှင်များ စိတ်တက်အားတက် ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ အဆိုပါ ပြိုင်ပွဲများတွင် ဝါသနာရှင်အများအပြား ပါဝင်ယှဉ်ပြိုင်လာကြသဖြင့် ရွက်ပုန်းသီး အနုပညာရှင်အသစ်များ ပေါ်ထွက်လာနိုင်မည်ဖြစ်ပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလာခဲ့ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာဆိုင်ရာ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ အထူးသဖြင့် လူငယ်လူရွယ်များအကြား အမျိုးသားရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားလိုက်နာစောင့်ထိန်းလိုသည့် စိတ်ဓာတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုးကို လေးစားချစ်ခင်သည့် စိတ်ဓာတ် စသည့်စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေကြပြီဖြစ်သည်။

အဆို၊ အက၊ အရေး၊ အတီးအနုပညာရှင်များအနေဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ယှဉ်ပြိုင်ကြရာတွင် မြန်မာ့အနုပညာစစ်စစ်ကို ပေါ်လွင်အောင် ဖော်ထုတ်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အကပြိုင်ပွဲများ၌ မြန်မာ့အကပညာစစ်စစ်ကိုဖော်ထုတ်ရင်း အရိုးပေါ်အရွက်မဖုံးစေဘဲ မြန်မာ့မှုဟန်မပျက်တီထွင်ဆန်းသစ်ထားသည့် ကကြိုးကကွက်များဖြင့် ယှဉ်ပြိုင်နိုင်ရေး အလေးထားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မိမိတို့ ပင်ကိုအနုပညာ အရည်အသွေးကို ဖော်ထုတ်ရင်း မြန်မာမှု မြန်မာ့ဟန်ဖြင့် အားကြိုးမာန်တက် သိုက်သိုက်မြိုက်မြိုက် ပါဝင်ယှဉ်ပြိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေဟောင်းသမိုင်းဝင် ဖောင်တန့်နားမဟာစေတီတော် ဌာပနာသွင်းမင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

မန္တလေးတိုင်း သာစည်မြို့နယ် ဝမ်းသာရွာရှိ ရွှေဟောင်းသမိုင်းဝင် ဖောင်တန့်နား မဟာစေတီတော်ကြီးအား ဌာပနာသွင်း မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြင်းခြံဆရာတော် ဘဒ္ဒန္တကိတ္တိ အမှူးပြုသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ဖောင်တန့်နားမဟာစေတီတော် ဩဝါဒါစရိယ ဆရာတော်များဖြစ်ကြသည့် သာစည်မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ကျေးရွာသံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်မြို့၊ မန္တလေးမြို့၊ မိတ္ထီလာမြို့၊ ဝမ်းတွင်းမြို့နှင့် သာစည်မြို့နယ်အတွင်းရှိ လျှော်ပင်၊ တမာကုန်း၊ ဟံဇား၊ ဝမ်းသာရွာတို့မှ အလှူရှင်များနှင့် ဗုဒ္ဓဘာသာဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဩဝါဒကထာနာယူ

ရှေးဦးစွာ ပရိသတ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြင်းခြံဆရာတော် ဘဒ္ဒန္တကိတ္တိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒကထာ နာယူကြသည်။

ထို့နောက် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် သာသနာ့ဝေပုလ္လ ပါဠိတက္ကသိုလ် ဘဒ္ဒန္တဝိဇ္ဇောဒယနှင့် မဟာဂန္ဓဝါစကဆရာတော် ဦးကောဝိဒတို့ထံမှ ရေစက်ချတရားနာယူကြသည်။

အပူဇော်ခံ

ယင်းနောက် ဌာပနာသွင်းမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာတော်ကြီးများက ဦးဆောင်၍ ဌာပနာသွင်းပစ္စည်းမျိုးစုံတို့ကို အလှူရှင်များက ပင့်ဆောင်ကာ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည် အပူဇော်ခံသည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြင်းခြံဆရာတော် ဘဒ္ဒန္တကိတ္တိအမှူးပြုသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများက ဦးဆောင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် အိမ်တော်ရာကျောင်းတိုက် ဓမ္မရံသီပိဋကတ် စာသင်တိုက် သာသနာပြုဆရာတော် ဦးရာဇိန္ဒသီရိ၊ ဝမ်းသာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အလှူရှင်များက ဌာပနာသွင်း ပစ္စည်းမျိုးစုံတို့ကို ဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်ကြပြီး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုး ရွှာသွန်းဖြိုးပေးကြသည်။ ယင်းစေတီတော်ကြီးအား ထီးတော်အသစ်တင်မင်္ဂလာနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ စေတီရံများ၊ တံတိုင်းများ၊ ရင်ပြင်တော် နေပူခံ ကျောက်ပြားများခင်းခြင်း စသည်တို့ ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသူ အလှူရှင်များသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် အိမ်တော်ရာကျောင်းတိုက် ဓမ္မရံသီပိဋကတ်စာသင်တိုက် သာသနာပြုဆရာတော် ဦးရာဇိန္ဒသီရိထံ ဆက်သွယ် လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မော်လမြိုင်တက္ကသိုလ် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပရေး နှီးဆော်

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၃ခုနှစ်သည် မော်လမြိုင်တက္ကသိုလ်၏ နှစ်(၅၀)ပြည့် ရွှေရတုကာလဖြစ်သဖြင့် မော်လမြိုင်ကောလိပ်၊ တက္ကသိုလ်ကျောင်းသားဟောင်းများ၏ မော်လမြိုင်ကောလိပ်၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် မော်လမြိုင်တက္ကသိုလ် ရွှေရတုအထိမ်းအမှတ် (တတိယအကြိမ်)အာစရိယ ပူဇော်ကန်တော့ပွဲကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် မော်လမြိုင်တက္ကသိုလ် ရွှေရတုပွဲနှင့်အတူ မော်လမြိုင်တက္ကသိုလ်၌ပင် ကျင်းပရန် စီစဉ်လျက်ရှိသည်။

မော်လမြိုင်ကောလိပ် တက္ကသိုလ်ကျောင်းသားဟောင်းများ ဖြစ်သည့် ဦးစိုးအောင် မြိတ်ကတ်ကြေးကိုက်(သခင်မြပန်းခြံ) ဖုန်း-၅၁၂၃၇၊ ဦးညီညီဝင်း-ဒေါ်စန်းစန်းဌေး (New World Mart) အိမ်ဖုန်း-၅၁၂၃၈၅၊ (ဆိုင်)၅၃၈၇၈၈ (၁၀၀၁-၁၀၀၂)၊ ဦးခင်မောင်အေး-ဒေါ်ခင်စောမူ ဖုန်း-၅၂၅၁၄၉၊ ၅၂၅၁၅၀၊ ဦးရဲမြင့်(ရွှေညာသူစတိုး) (၆၄) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၂၁၈၅၊ ၂၂၅၉၇၉၊ ဦးအုန်းလွင်-ဒေါ်မြမြသန်း(တိုယိုဘက်ထရီ) ဖုန်း-၂၂၄၅၃၂၊ ၂၅၂၄၉၅နှင့် ဦးသန်းဝင်း (ဌာနမှူး၊ ရန်ကုန်အဝေးသင်တက္ကသိုလ်) ဖုန်း-၅၂၅၁၄၆၊ ၅၃၃၄၁၁၊ လိုင်းခွဲ-၁၃ တို့သို့ ဆက်သွယ်၍ အလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဩဂုတ် ၂၇ရက်ကဆဋ္ဌမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဂျူဒိုပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးတံခွန်စိုက် ဆုဖလားကြီး ဆွတ်ခူးရရှိသွားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ရွှေသက်က တံခွန်စိုက်ဆုဖလား ချီးမြှင့်ပေးအပ်စဉ်။ (ကြေးမုံ)

7 Day News ဂျာနယ်အတွဲ(၂)၊အမှတ်(၂၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၈

ဂျီအက်စ်အမ်ဖုန်းအိမ် အသစ်အဆန်းများ ပြောင်းသုံးမှုခေတ်စားလာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဖုန်းအိမ်ပြောင်းတပ် ဝန်ဆောင်မှုများ အထူး

အောင်မြင်၊ ဒီဇယ်ဆီ အရောင်းရပ်မည်ဟူသောသတင်း မမှန်ကန်၊ အမ်အေအိုင် လေကြောင်းလိုင်း ဖျက်သိမ်းမည်မဟုတ် ခရီးစဉ်များလည်း မလျှော့၊ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ ပျက်စီး ပျောက်ဆုံးသွားသော အမေရိကန် စစ်သားများကို လာမည့်နှစ်ဆန်းပိုင်းတွင် ရှာဖွေမည် စသည့် ပြည်တွင်းသတင်းထူး သတင်းဦးများ ဝေဝေဆာဆာဖြင့် 7 Day News ဂျာနယ် ထွက်ရှိနေပြီဖြစ်သည်။ **(ဓါပုံ)**

နိုင်ငံတကာ မျက်မှောက်ရေးရာ သတင်းများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားသတင်း ဆောင်းပါး စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၀၃က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။

(က-ပ)

အဆင့်မြင့်မူကြိုတန်းခွဲသစ်ဖွင့်

ရန်ကုန် ဩဂုတ် ၂၈

New Campus Language Centreတွင် အသက်နှစ်နှစ်ခွဲမှ ငါးနှစ် အထိမူကြိုကလေးများအခြေခံကောင်းရန်အတွက် Level 1,2,3 ခွဲ၍ အင်္ဂလိပ်၊ သင်္ချာ၊ မြန်မာစာ၊ ကဗျာပုံဆွဲတို့ကို ဆရာမများက စနစ်တကျ ဖွဲ့စည်းသင်ကြားမည်ဖြစ်ပြီး ခေတ်မီသင်ကြားမှု အထောက်အကူပြုပစ္စည်းများနှင့် ခေတ်မီကျယ်ဝန်းသော ကစားကွင်းများပါရှိကြောင်း သိရသည်။ စိတ်ပါဝင်စားသူများသည် အမှတ်၂၈ အောင်ဇေယျလမ်း ကျောက်ကုန်း ရန်ကင်းမြို့နယ် ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅နှင့် ၀၉-၀၈၂၁၇၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၂၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၁၂ပါ သဖန်းဆိပ် ရေလှောင်တမံ ဓာတ်ပုံ ပုံစာတွင် ဖော်ပြထားသည့် မကွေးတိုင်း၊ ကျွန်းလှမြို့နယ်အစား စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုကြပါရန်။ (စာတည်းမှူး)

ဒါတွေကို သိဖို့လိုတယ်

✳ မြှောက်တိုင်းလည်း မမြှောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

အမေရိကန်ယာဉ်တန်း ဗုံးခွဲခံရသဖြင့် စစ်သားတစ်ဦးသေဆုံး အမေရိကန်တို့သေဆုံးမှု အီရတ် သိမ်းစဉ်ကထက်ပင် ပိုများနေ

ဘဂ္ဂဒက် ဩဂုတ် ၂၇

ဘဂ္ဂဒက်မြို့ မြောက်ဘက် ဆွန်နီမွတ်စလင်များ လွှမ်းမိုးရာဒေသတွင် ပြီးခဲ့သော အင်္ဂါနေ့က အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ရာ စစ်သားတစ်ဦး သေဆုံးသွားပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားသည်။

၁၃၉ ဦး

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အီရတ်တွင် စစ်ပွဲကြီးများ ပြီးသွားပြီဖြစ်ကြောင်း မေ ၁ ရက်က ကြေညာခဲ့သည်။ ထိုကြေညာချက် ထွက်ပေါ်ခဲ့ပြီးနောက် သေဆုံးခဲ့သော အမေရိကန်စစ်သား စုစုပေါင်းမှာ ၁၃၉ ဦးရှိသွားပြီဖြစ်သည်။ ထိုသေဆုံးမှု အရေအတွက်သည် အီရတ်နိုင်ငံကို သိမ်းပိုက်ရေးစစ်ပွဲ ဆင်နွှဲစဉ်က သေဆုံးခဲ့ရသော စစ်သားဦးရေထက် ပိုမိုသွားသည်ကို ဖော်ပြနေသည်။ သိမ်းပိုက်ရေးစစ်ပွဲ သီတင်းခြောက်ပတ်အတွင်း အမေရိကန်စစ်သား ၁၃၈ ဦး သေဆုံးခဲ့သည်။ အထက်ပါအခြေအနေကြောင့် အီရတ်တွင် ဖြစ်ပွားနေသော တိုက်ခိုက်မှုများ မကြာမီပြီးတော့မည်ဟု အမေရိကန်ပြည်သူများအား ဆွဲဆောင်နားချနေသည့် သမ္မတဘုရှ်အပေါ် ဖိအားပေးသကဲ့သို့ အခက်အခဲတွေ့စေလိမ့်မည်ဟု ဆိုသည်။

ယခုဖြစ်ပွားသော ဗုံးခွဲတိုက်ခိုက်မှုသည် ဖော်လူဂျာမြို့နှင့် ရာမာဒီအသွား လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆွန်နီမွတ်စလင်များ အားကောင်းရာ အဆိုပါ ဒေသသည် အမေရိကန်သိမ်းပိုက်ရေးတပ်ဖွဲ့များ မကြာခဏ အတိုက်ခိုက်ခံနေရသော ဒေသဖြစ်သည်။

အမေရိကန်တပ်များကို တိုက်ခိုက်ရာ၌ လမ်းများပေါ်တွင် ဗုံးထောင်ခြင်း၊ လက်လုပ်မိုင်းများဖြင့် တိုက်ခိုက်ခြင်း နည်းလမ်းများမှာ အီရတ်တွင် ကျယ်ပြန့်စွာ ကျင့်သုံးနေသော နည်းလမ်းများဖြစ်သည်။

တိုက်ခိုက်ခံရ၍ သေဆုံးသူ

ပင်တဂွန် အမေရိကန်စစ်ဌာနချုပ်က ထုတ်ပြန်သော စာရင်းအင်းအသစ်များအရ ဧပြီ ၁၂ ရက်နောက်ပိုင်း အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုကြောင့် သေဆုံးရသော အီရတ်စစ်သား စုစုပေါင်းမှာ ၆၂ ဦးရှိသွားပြီဟု ဆိုသည်။ ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက်နှင့် မြောက်ဘက် ဆွန်နီများနေထိုင်ရာ ဒေသသည် ပြောက်ကျားတိုက်ခိုက်မှု အများဆုံးဖြစ်ပွားရာ ဒေသဖြစ်သည်။ သမ္မတဟူစိန်သည် အဆိုပါဒေသမှာ ၎င်းအတွက် ထောက်ခံမှုအများစုကို ရရှိခဲ့သည်ဟု ဆိုသည်။

တိုက်ခိုက်ရေးနှင့် မဆိုင်သော ကိစ္စများနှင့် အခြားကိစ္စများကြောင့် အီရတ်တွင် အမေရိကန်သေဆုံးမှုဦးရေမှာ ၇၇ ဦးရှိသည်။

တပ်စွဲထား

အမေရိကန်အမှတ်(၄) ကြည်းတပ်မသည် ဆက်ဒမ်၏ ဇာတိမြို့ဖြစ်သော တီကရစ်မြို့၌ တပ်စွဲထားသည်။ ထိုတပ်ဖွဲ့သည် အင်္ဂါနေ့က တင့်ကားများ၊ သံချပ်ကာ ယာဉ်များနှင့် ရဟတ်ယာဉ်များ၏ အကူအညီကို ရယူပြီး ခုခံရေးသမားများကို အမြစ်ပြတ်တိုက်ထုတ် ရန် နေရာသုံးနေရာကို ဝင်ရောက်စီးနင်းခဲ့ကြသည်ဟု ဗိုလ်မှူး ဂျောစ်လင်အာဘာလီက သတင်းစာသမားများအား ပြောပြသည်။ ထိုစီးနင်းမှုတွင် လူ၂၄ဦးကို ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၄၃ မိုင်အကွာ ခါလစ်မြို့မှ နေအိမ်များကို စီးနင်းဝင်ရောက်ရှာဖွေရာတွင် ဖမ်းဆီးထားသည့် အီရတ်အမျိုးသားကြီး တစ်ဦးအား အမေရိကန်တပ်သား တစ်ဦးက ရပ်လျက် စောင့်ကြပ်နေသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှာဖွေဖမ်းဆီး

အီရတ်နိုင်ငံမြောက်ပိုင်း ခါလစ်မြို့တွင် သင်္ကာမကင်းသူများအား အမေရိကန်တပ်ဖွဲ့များက ရှာဖွေဖမ်းဆီးလျက်ရှိရာ အီရတ်အမျိုးသားတစ်ဦးအား အမေရိကန်တပ်သားတစ်ဦးက ခပ်ကြမ်းကြမ်း ဆွဲခေါ်ကာ ဖမ်းဆီးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဒေးဗစ်ကယ်လီ သေဆုံးမှု စုံစမ်းစစ်ဆေး ခက်ခဲသည့်မေးခွန်းများ တိုနီဘလဲ ရင်ဆိုင်ရဖွယ်

လန်ဒန် ဩဂုတ် ၂၇

အီရတ်ကို စစ်ပွဲဆင်နွှဲစေခဲ့သည့် အစီရင်ခံစာတစ်စောင်ကို ချဲ့ကားပြင်ဆင်မှုနှင့် ပတ်သက်၍ သေဆုံးခဲ့သည့် ဒေါက်တာ ဒေးဗစ်ကယ်လီ၏ သေကြောင်းကြံစည်မှုကို စုံစမ်းစစ်ဆေးလျက်ရှိရာ အဆိုပါ စုံစမ်းစစ်ဆေးမှုအတွက် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် ယခုသီတင်းပတ်အတွင်း ခက်ခဲသည့် မေးခွန်းများနှင့် ရင်ဆိုင်မည်ဖြစ်သည်။ လက်နက်ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီသည် အချေအတင် အငြင်းအခုံဖြစ်စေသည့် အစီရင်ခံစာနှင့် ပတ်သက်သည့် ဘီဘီစီသတင်းတစ်ပုဒ်နှင့် ပတ်သက်ပြီး သတင်းပေးဖြစ်သည်ဟု မည်ကဲ့သို့သိရှိခဲ့သည်ဆိုသည့်မေးခွန်းကို တိုနီဘလဲ မေးမြန်းခြင်း ခံရမည်ဖြစ်သည်။

— ထိတ်လန့်သွား —

မေ ၂၁ ရက်တွင် ထုတ်လွှင့်ခဲ့သည့် ဘီဘီစီသတင်းအတွက် ဒေးဗစ်ကယ်လီသည် သတင်းရင်းမြစ်မှ မထုတ်ဖော်မီ အီရတ်နှင့်ပတ်သက်သည့် အခြားအစီရင်ခံစာအတွက် ရဲများ၏ စစ်ဆေးမေးမြန်းခြင်းကို ခံခဲ့ရသည်ဟု လော့ဒ်ဟက်တန် စုံစမ်းစစ်ဆေးချက်အရ သိရသည်။ ဒေးဗစ်ကယ်လီနှင့် ဘီဘီစီသတင်းထောက် အင်ဒရူးဂယ်လီဂွန်တို့ တွေ့ဆုံမှုကို ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကယ်လီကို ထုတ်ဖော်ပြောကြားခဲ့ရာ ဒေးဗစ်ကယ်လီသည် ထိတ်လန့်သွားခဲ့ကြောင်းလည်း သိရသည်။

ဒေးဗစ်ကယ်လီကို ဖိအားပေးရန်နှင့် အစိုးရအပေါ် သံသယဖြစ်စေမည့်ကိစ္စများကို သတိထားဖြေဆိုရန် ကယ်လီကို တိုနီဘလဲက သတိပေးခဲ့ပုံရကြောင်း လော့ဒ်ဟက်တန်၏ စုံစမ်းစစ်ဆေးချက်အရ သိရသည်။ ယခုကိစ္စသည် လွန်ခဲ့သည့်နှစ် ၃၀ က အမေရိကန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဝါးတားဂိတ် စုံစမ်းစစ်ဆေးမှုမျိုးပင်ဖြစ်ကြောင်း ပါလီမန်အမတ်အချို့က ပြောကြားသည်။ ယခုကိစ္စသည် တိုနီဘလဲ၏ ခြောက်နှစ်တာ ဝန်ကြီးချုပ်သက်တမ်းကာလတွင် အကြီးမားဆုံးပြဿနာဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနက တင်ပြသွားသည်။ ***စီစီတီဗွီ။***

အီဂျစ်စတော့ဈေးကွက်၌ စတော့ဈေးနှုန်းထိုးတက်

ကိုင်ရို ဩဂုတ် ၂၇

အော်ရက်စ်ကွန်း ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း(အိုတီ) အနေဖြင့် အီရတ် မိုဘိုင်းဖုန်း လိုင်စင်တစ်ခု ရရှိမည်ဟူသော မှန်းဆချက်နှင့် အော်ရက်စ်ကွန်း ဆောက်လုပ်ရေးလုပ်ငန်းများ(အိုစီအိုင်) ပိုမိုအခြေခိုင်လာမည်ဟူသော မျှော်လင့်ချက်များကြောင့် အီဂျစ် စတော့ရှယ်ယာဈေးကွက်တွင် အီဂျစ်စတော့ဈေးနှုန်းများ အင်္ဂါနေ့က တက်သွားကြောင်း ကုန်သည်များက ပြောဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း နီပေါ မြှင့်တင် တရုတ်လူမျိုး ခရီးသည်များကို ဆွဲဆောင်

ဘေဂျင်း ဩဂုတ် ၂၇

နီပေါနိုင်ငံသည် ၂၀၀၅ ခုနှစ်ကုန်ထက် နောက်မကျဘဲ တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည် ၁၂၀၀၀၀ ခန့် ဆွဲဆောင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ နီပေါယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီး ဆာဗင်ဒရာနက်ရှက်ကာလာက ပြောကြားသည်။

ပိုမိုပြေးဆွဲမည်

နီပေါနှင့် တရုတ်ပြည်တို့အကြား နှစ်နိုင်ငံ မြို့ပြလေကြောင်းဆိုင်ရာ သဘောတူညီချက် အာဏာသက်ဝင်သည်နှင့် တစ်ပြိုင်နက်တည်း နှစ်နိုင်ငံရှိ မြို့ကြီးများသို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုကို ပိုမိုပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း၊ မြို့ပြလေကြောင်းခရီးစဉ်များ တိုးမြှင့်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသည် ဦးရေကို မြှင့်တင်နိုင်စေမည် ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။ ထိုစဉ်အတွင်း တရုတ်ပြည်ရှိ နီပေါသံရုံးသည် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကြေး ကင်းလွတ်ခွင့်ပေးမည့် အစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်လျက်ရှိသည်။

သာယာလှပ

ယဉ်ကျေးမှုကြွယ်ဝပြီး တောင်ကုန်းတောင်တန်းများဖြင့် သာယာလှပသော နီပေါနိုင်ငံသည် အာရှတိုက်ရှိ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေရာ နေရာများအနက် နေရာတစ်နေရာအဖြစ် ပါဝင်သည်။ နီပေါနိုင်ငံသည် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်အချို့ကို ဆွဲဆောင်လျက်ရှိသည်။ သို့ရာတွင် တိုက်ရိုက် လေကြောင်းခရီးစဉ်များ မရှိသေးခြင်းနှင့် ခရီးသွားလာစရိတ်စကများ ကြီးမြင့်ခြင်းတို့ကြောင့် ယခုအချိန်အထိ တရုတ်လူမျိုး ခရီးသည်ဦးရေမှာ အကန့်အသတ်ဖြင့်သာ ရှိနေဆဲဖြစ်သည်။

တိုးချဲ့ပျံသန်း

မြို့ပြ လေကြောင်းဆိုင်ရာ သဘောတူညီချက်သစ်အရ နီပေါဘုရင့်လေကြောင်းဌာနသည် ခတ္တမန္ဒူ-ရှန်ဟိုင်း ခရီးစဉ်ကို အိုဆာကာသို့ တိုးချဲ့ပျံသန်းမည်ဖြစ်သည်။ တရုတ်အရှေ့ပိုင်း လေကြောင်းဌာနသည် ခတ္တမန္ဒူမြို့ကို ဒေလီမြို့သို့ သွားရောက်သည့် ခရီးစဉ်နှင့် ဆက်စပ်ရန် စီစဉ်ထားသည်။

အမွေအနှစ်

နီပေါနိုင်ငံတွင် မီတာ ၈၀၀၀ အထက်ရှိ တောင်ရှစ်လုံးရှိပြီး ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပါဝင်သည့် နေရာပေါင်းရှစ်ခုတည်ရှိသည်။ ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့၏ ဘာသာရေးအမွေအနှစ်များ ကြွယ်ဝရာ နီပေါနိုင်ငံတွင် ကာကွယ်တောများလည်း ရှိပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖြင့် ဆွဲဆောင်နိုင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက်မှု တိုက်ဖျက်ရေး လက်တွဲဆောင်ရွက်ရန် အိန္ဒိယနှင့် ဩစတြေးလျ စာချွန်လွှာ လက်မှတ်ထိုးမည်

ဆစ်ဒနီ ဩဂုတ် ၂၇

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗိုင်ဆင်ဟာ၏ လေးရက်ကြာ ဩစတြေးလျခရီးစဉ်အတွင်းတွင် အိန္ဒိယနှင့် ဩစတြေးလျနှစ်နိုင်ငံ တန်ပြန်အကြမ်းဖက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်စောင်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် စတင်မည့် အဆိုပါခရီးစဉ်က နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုရင်းနှီးခိုင်မြဲစေနိုင်မည်ဟု မျှော်လင့်ထားကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြပါရှိသည်။

ဩစတြေးလျခေါင်းဆောင်များနှင့် ညှိသည်တော် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံစဉ် အကြမ်းဖက် တိုက်ဖျက်ရေးကိစ္စနှင့် နယ်ပယ်ကဏ္ဍအများအပြားတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကို အဓိကဆွေးနွေးမည့် လက္ခဏာရှိသည်ဆို၏။

အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေဖြင့် ဩစတြေးလျနိုင်ငံသို့ လာရောက်ခြင်းမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ၂၀၀၁ ခုနှစ် ဇွန်လအတွင်းတွင် ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဂျက်စဝမ့်ဆင်း ဩစတြေးလျနိုင်ငံသို့ လာရောက်ခဲ့ကြောင်းဖြင့် ဩစတြေးလျနိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီး အာရ်အက်စ်ရက်ဟိုးက ပြောကြားသည်။

ဤခရီးစဉ်က လွန်ခဲ့သည့် နှစ်အနည်းငယ်အတွက် တိုးတက်ခဲ့သော နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုခိုင်မြဲ အရှိန်မြင့်လာမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောဆိုသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ဆက်ဒမ်ဟူစိန် ပြုတ်ကျပြီးနောက် ဘဂ္ဂဒက်မြို့ ကသောင်းကနင်းဖြစ် ယာဉ်မောင်းအချို့ ဥပဒေမလေးစား၍ ယာဉ်ထိန်းရဲများ ကိုယ်စိတ်ဆင်းရဲရ

ဘဂ္ဂဒက် ဩဂုတ် ၂၇

ဧပြီ ၉ ရက်တွင် ဆက်ဒမ်ဟူစိန် ပြုတ်ကျသွားပြီးနောက် ကသောင်းကနင်းဖြစ်နေသည့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ယာဉ်ထိန်းရဲများသည် ချိုသာသိမ်မွေ့သည့်စကားအပြောအဆိုဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်နေရသည်။

ဥပဒေကို လေးစားသမှု မရှိသည့် ယာဉ်မောင်းအချို့နှင့် တွေ့ကြုံသည့်အခါ မိမိတို့ကို ပေးထားသည့် အနည်းအကျဉ်းသော အခွင့်အာဏာကြောင့် မိမိတို့စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရကြောင်း အသက် ၄၅ နှစ်အရွယ် ယာဉ်ထိန်းရဲတပ်ကြပ်ကြီး အာမက်ရှုရှုဒီဟာဟာဒီက ပြောကြားသည်။

သို့ရာတွင် ဥပဒေနှင့်ယာဉ်ထိန်းရဲများကို တလေးတစားရှိသည့် ယာဉ်မောင်းများကိုမူ မိမိအနေဖြင့် ချီးကျူးသင့်ကြောင်းနှင့် ၎င်းတို့အနက် အများစုမှာ ပညာတတ်များဖြစ်ကြကြောင်း ၎င်းကပြောကြားသည်။

စိတ်ရောကိုယ်ပါဆင်းရဲ

တစ်ခါတစ်ရံတွင် အချို့သောသူများကို စိုးရိမ်ထိတ်လန့်မှု ရှိ၊ မရှိမေးမြန်းရာ ဟာဒီက ယာဉ်ထိန်းရဲ လုပ်ငန်းမျိုးအနေဖြင့် မိမိသည် အသက်အရွယ်ကြီးနေကြောင်း၊ ယင်းသို့သော ကိစ္စမျိုးတွင် အဆိုပါ ယာဉ်မောင်းများအား နွေရာသီအပူချိန်အောက်တွင် စိတ်ရောကိုယ်ပါဆင်းရဲမိသည်ဟု ၎င်းတို့သဘောပေါက်အောင် ရှင်းပြပြောဆိုနေရကြောင်း ပြောကြားသည်။

တွင်တွင်ပြောဆို

၎င်းတို့အနက် အများစုက ယင်းအချက်ကို ဝန်ခံကြောင်း၊ သို့ရာတွင် မိမိအားကြည့်ရင်း ပြုံးရုံပြုံးကာ ဥပဒေချိုးဖောက်ရန်သာ တွင်တွင်ပြောဆိုကြကြောင်းဖြင့် ၎င်းက ဆက်လက်ပြောဆိုသည်။

ပုံမှန်အလုပ်မလုပ်

ယခုရက်များအတွင်း အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လျှပ်စစ်ဓာတ်အား မကြာခဏ ပြတ်တောက်သည့်အတွက် မီးပွိုင့်များ ပုံမှန်အလုပ်မလုပ်ကြကြောင်း၊ ယာဉ်ထိန်းရဲများက လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော်လည်း ယာဉ်မောင်းများကလက်နက်များကိုင်ဆောင်ထားကြကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်ပြည် အနောက်တောင်ပိုင်း တိဗက်ဒေသ မြို့တော် လာဆာ၏ ဆင်ခြေဖုံးတွင် ဘာသာရေးပွဲတော် ကျင်းပစဉ်အတွင်း ကုန်းမြေတော်ပေါ်၌ အသစ်တည်ထားကိုးကွယ်သည့် ဉာဏ်တော်မြင့်မားလှသော စေတီတော်တည်ရှိရာသို့ သွားရောက်နေကြသည့် ကမ္ဘာလှည့်ခရီးသည်များနှင့် တိဗက်ဘုရားဖူးများအား ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ကုလသမဂ္ဂရုံးဗုံးဖောက်ခွဲမှု အယ်လ်ခိုင်ဒါအဖွဲ့က ၎င်းတို့လက်ချက်ဟုဆို

ဘဂ္ဂဒက် ဩဂုတ် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂ အဖွဲ့ရုံးကို ကားဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းမှာ ၎င်းတို့ လက်ချက်ဖြစ်ကြောင်း အိုစမာဘင်လာဒင်၏ အယ်လ်ခိုင်ဒါအဖွဲ့က ကြေညာသည်။ အဆိုပါ ဗုံးခွဲမှုတွင် လူ ၂၃ ဦး သေဆုံးခဲ့ရသည်။

အဆိုပါအဖွဲ့က သူတို့ လက်ချက်ဖြစ်ကြောင်းကို ဗုံးခွဲသည့်လွန်ခဲ့သည့် အင်္ဂါနေ့ကပင် အင်တာနက်သို့ ပေးပို့ကြေညာလိုက်ခြင်းဖြစ်သည်။

ကြေညာချက်ကို "အဘူဟက်စ်အယ်မာဆရီတပ်မဟာ" ဟူ၍ လက်မှတ်ထိုးပြီးနောက် "အယ်လ်ခိုင်ဒါ" ဟူသောစာလုံးများ ဖြည့်စွက်ဖော်ပြလိုက်ခြင်း ဖြစ်သည်။

အမေရိကန်နှင့် သူ၏လက်ကိုင်တုတ်များ ခြေကုန်လက်ပန်းကျပြီး ရှုပ်ထွေးကုန်စေရမည်ဟူသော ဩဂုတ် ၁၅ ရက်က သတိပေးချက်ကိုလည်း ကြေညာချက်တွင် ရည်ညွှန်းဖော်ပြထားသည်။

ရန်သူအနေဖြင့် ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်လိုတိုက်မည်ကို ကြိုမသိသည့် ရုတ်တရက် တိုက်ခိုက်ချေမှုန်းမှုများ ပြုလုပ်မည်ကို ဆိုလိုခြင်း ဖြစ်သည်ဟု ထည့်သွင်း ဖော်ပြထားသည်။ ကုလသမဂ္ဂကိုလည်း အမေရိကန် နိုင်ငံခြားရေးဌာန၏ ဌာနခွဲအဖြစ် ကြေညာချက်တွင် သတ်မှတ်ဖော်ပြထားပြီး ကုလသမဂ္ဂသည် အာရပ်နှင့် မွတ်စလင်များကို ဆန့်ကျင်နေသည်ဟု စွပ်စွဲဖော်ပြထားသည်။ *အင်တာနက်။*

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အမေရိကန်တို့ အခက်အခဲများ ကြုံတွေ့

စိန့်လူဝီ ဩဂုတ် ၂၆

အီရတ်တိုက်ပွဲအနေဖြင့် အမေရိကန်အရင်းအမြစ်များ စဉ်ဆက်မပြတ် အကြီးအကျယ် လိုအပ်မည်ဖြစ်ကြောင်း၊ သို့သော် အဆုံး၌အောင်ပွဲခံနိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က တိုက်ထွန်း သတိပေးချက်၊ အီရတ်အရေးတွင် ယခုထက် ပိုမိုအခက်အခဲရှိမည်ကို အမေရိကန်နိုင်ငံ အနေဖြင့်အားတင်းထားရန် သမ္မတဘုရှ်က ယနေ့ လှုံ့ဆော်ကြိုးပမ်းခြင်း ဖြစ်သည်။

အကြမ်းဖက်မှုနှင့်ရင်ဆိုင်ရာတွင် ဆုတ်ခွာတပ်ခေါက်ပေးခြင်းဖြင့် ရန်သူကိုဖိတ်ခေါ်ရာ ကျပြီး၊ ရန်သူအတင့်ရဲလာစေနိုင်မည်ဖြစ်ကြောင်း သမ္မတဘုရှ်က စစ်မှုထမ်းဟောင်းများအား ပြောကြားလိုက်သည်။

သမ္မတဘုရှ်၏ မိန့်ခွန်းက သူ့အနေဖြင့်အီရတ်သို့ အမေရိကန်တပ်သားများ အလုံအလောက်ပေးပို့ခြင်း မရှိဟူသော ဒီမိုကရက်နှင့် ရီပတ်ဘလီကန် အမတ်များ၏ စွပ်စွဲချက်များကို တိုက်ရိုက်ဖြေရှင်း မပေးနိုင်ပေ။ သို့သော်အီရတ်၌ အောင်ပွဲခံအနိုင်ရခြင်းမှာ အကြမ်းဖက်မှု တိုက်ခိုက်ရေးတွင် အောင်မြင်မှုရရှိရေးအတွက် လိုအပ်ကြောင်း၊ မိမိအနေဖြင့် အနိုင်ရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းမည်ဖြစ်ကြောင်း အာမခံပြောကြားလျက် အီရတ်၌ အမေရိကန်တပ်များ တပ်စွဲထားမှုအပေါ် စိုးရိမ်နေကြသည့် ပြည်သူတို့အား သူ့မိန့်ခွန်းက စိတ်သက်သာရာ ရရှိစေသည်။

လွတ်လပ်ပြီး ငြိမ်းချမ်းသည့် အီရတ်နိုင်ငံထူထောင်ရေးမှာ အချိန်ယူပြီး အရင်းအမြစ်များ စိုက်ထုတ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် အမေရိကန်နိုင်ငံနှင့်တစ်ကမ္ဘာလုံး ပိုမိုစိတ်ချရသည့် အခြေအနေသို့ရောက်ရှိမည်ဖြစ်ကြောင်း၎င်းကပြောဆိုသည်။

အင်တာနက်။

ဩဂုတ် ၂၇ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ငွေထည့်ထားသည့် အံဆွဲကို သူခိုးများက လုယူရန် ကြိုးစားပြီးနောက်ဒေါသထွက်နေသည့်ငွေကြေးလဲလှယ်သူအီရတ်နိုင်ငံသားတစ်ဦးအား တွေ့ရစဉ်။ အီရတ်နိုင်ငံ၏ မြို့တော်တွင်နေ့ခင်းကြောင်တောင်၌ပင် တရားဥပဒေစိုးမိုးမှု ကင်းမဲ့နေသည်။(ဓာတ်ပုံ-အင်တာနက်)

ကူမင်းပြည်ပပို့ကုန် ကုန်စည်ပြပွဲဖွင့်လှစ် အာဆီယံနိုင်ငံများ ပါဝင်ပြသ

ကူမင်း ဩဂုတ် ၂၇

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှ စီးပွားရေးလုပ်ငန်းရှင် ၄၀၀၀ ကျော်သည် တရုတ်ပြည် အနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်၏မြို့တော် ကူမင်းတွင် အင်္ဂါနေ့က ဖွင့်လှစ်လိုက်သော ကူမင်းပြည်ပ ပို့ကုန်ပစ္စည်းများဆိုင်ရာ ကုန်စည်ပြပွဲတစ်ရပ်တွင် ပါဝင်ပြသလျက်ရှိကြသည်။

အရှေ့တောင်အာရှဒေသမှ ကုမ္ပဏီများ၏ ကုန်စည်ပြပွဲတစ်ရပ်ကို သီးသီးသန့်သန့်ခင်းကျင်းပြသနိုင်ရန် တရုတ်အစိုးရက ဆုံးဖြတ်လိုက်ခြင်းကို ကြည့်ခြင်းအားဖြင့် တရုတ်ပြည်သည် အာဆီယံဒေသနှင့် ကုန်သွယ်ရေး မြှင့်တင်နိုင်ရန် စိတ်အားထက်သန်လျက်ရှိပုံကို တွေ့မြင်နိုင်သည်။ ကူမင်းတွင် ကျင်းပသည့် (၁၁) ကြိမ်မြောက် ပြည်ပပို့ကုန်ဆိုင်ရာ ကုန်စည်ပြပွဲတွင် အာဆီယံနိုင်ငံများမှ စီးပွားရေးဆိုင်ရာ လုပ်ငန်းများ၏ ပြခန်းပေါင်း ၂၅၆ခန်းပါဝင်သည်။ စုစုပေါင်း ပြခန်းအရေအတွက်မှာမူ ၁၅၀၀ ရှိသည်။

အာဆီယံနိုင်ငံများပါဝင်သော အဆိုပါကုန်စည်ပြပွဲသည် တရုတ်ပြည်နှင့် အာဆီယံနိုင်ငံများအကြား မဝေးသော အနာဂတ်ကာလတွင် လွတ်လပ်သော ကုန်သွယ်ရေးဇုန်တစ်ရပ် ထူထောင်ရန် ရည်မှန်းထားပုံကို ဖော်ပြလျက်ရှိသည်။

ကုန်စည်ပြပွဲတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံစလုံးမှ ပါဝင်ပြသကြပြီး ဘရူနိုင်း၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင် နိုင်ငံတို့သည် ကူမင်း ကုန်စည်ပြပွဲ၌ ပါဝင်ပြသကြပြီး ဘရူနိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ကူမင်းကုန်စည် ပြပွဲ၌ ပါဝင်ပြသခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်အားပြင်း မုန်တိုင်း ဗီယက်နမ်၌ တိုက်ခတ်

ဟနွိုင် ဩဂုတ် ၂၇

ကရိုဗန်အမည်ရှိ မုန်တိုင်းသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ တိုက်ခတ်ခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်။ အဆိုပါ မုန်တိုင်းသည် နှစ်အတန်ကြာအတွင်း ဗီယက်နမ်တွင် တိုက်ခတ်ခဲ့သည့် အပြင်းထန်ဆုံး မုန်တိုင်းများအနက် တစ်ခုဖြစ်သည်။ မုန်တိုင်းကြောင့် မြေပြိုမှုများနှင့် ရေကြီးမှုများ ဖြစ်ပေါ်နိုင်သည်ဟု ကျွမ်းကျင်သူများက အင်္ဂါနေ့တွင် သတိပေးပြောကြားသည်။

တစ်နာရီလျှင် ၇၂ ဒသမ ၇ မိုင် တိုက်ခတ်သည့်မုန်တိုင်းက ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ကွန်နင်ဒေသသို့ တိုက်ခတ်ခဲ့ရာ တနင်္လာနေ့ညက မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းသည် အနောက်မြောက်ဘက်ဆီသို့ တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းခန့်ဖြင့် ရွေ့လျားသွားသည်။

အပြင်းထန်ဆုံး

ယင်းမုန်တိုင်းမှာ လွန်ခဲ့သည့် ၁၀ နှစ်တာအတွင်း ဗီယက်နမ်နိုင်ငံ၌ တိုက်ခတ်ခဲ့သည့် မုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံးဖြစ်သည်ဟု ကွန်နင်ပြည်နယ် သဘာဝဘေးအန္တရာယ် ဖြေရှင်းရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မုန်တိုင်းကြောင့် နေအိမ်များပြိုကျသဖြင့် လူတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ် ဗုံးဖောက်ခွဲမှု၌ သေဆုံးသူများအား သတိရအောက်မေ့ ကုလသမဂ္ဂဌာနချုပ်တွင် နာရီဝက်ခန့် အလေးပြုသည့်အနေဖြင့် ငြိမ်သက်

ကုလသမဂ္ဂ ဩဂုတ် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ် ဗုံးဖောက်ခွဲမှုတွင် သေဆုံးသွားသူများအား သတိရအောက်မေ့သောအားဖြင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် ဦးဆောင်သည့် လူ ၂၀၀၀ ကျော်သည် နေ့လယ်ပိုင်းတွင် စီတက်လာကြပြီး ကုလသမဂ္ဂဌာနချုပ်ရုံးတွင် နာရီဝက်ခန့် အလေးပြုသည့်အနေဖြင့် ငြိမ်သက်စွာရပ်နေကြသည်။

ကမ္ဘာတစ်ဝန်းတွင် ကုလသမဂ္ဂ လုပ်သားများ ထောင်ချီ၍ အလားတူ စီတက်ခဲ့ကြသည်။ ဂျီနီဗာမြို့တွင် ဆာဂျီယိုဒီမဲလိုနှင့် ဝန်ထမ်းဌာန အကြီးအကဲ၏ အမည်များကို ရေးသားထားသည့် နဖူးစည်းစာတန်းများကို ကုလသမဂ္ဂဝန်ထမ်း ၃၀၀၀ တို့က ကိုင်ဆောင်လာကြသည်။

နယူးယောက်မြို့တွင် ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ်များနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံမှ သံအမတ်ကြီးများသည် မန်ဟက်တန် မြစ်ရိုးတစ်လျှောက်ရှိ ကုလသမဂ္ဂဌာနရုံးရှေ့ စက်ဝိုင်းပုံသဏ္ဌာန်ကားလမ်းမတွင် စီတက်စုရုံးကြသည်။

အချို့သော ဝန်ထမ်းများက ပန်းခွေများ သယ်ဆောင်လာကြပြီး "မိမိတို့က သင့်အား မည်သည့်အချိန်မျှ သတိမမေ့"၊ "ယင်းဖြစ်ရပ်ဆိုး မည်သည့်အချိန် အဆုံးသတ်မည်နည်း" ဟူသည့် စာတန်းများကို ကိုင်ဆောင်ထားကြသည်။

အလေးထားဂုဏ်ပြု

သေဆုံးသွားသည့် ရဲဘော်ရဲဘက်များအား ဖော်ပြပါအတိုင်း အနိမ့်ဆုံးသောနည်းလမ်းဖြင့် မိမိတို့ အလေးထားဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ မိမိတို့ ပူဆွေးတသသလို ပြည်သူလူထုတစ်ရပ်လုံးလည်း အလားတူ ကြေကွဲကြမည်ဖြစ်ကြောင်း စီမံခန့်ခွဲရေးဌာန ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ်ဖြစ်သူ ကက်သရင်းဘာတီနီက ကိုဖီအာနန်နှင့် ရင်ပေါင်တန်းစီတက်လိုက်ပါရင်း ပြောကြားသည်။

ဝမ်းနည်းကြေကွဲ

ဘဂ္ဂဒက်တွင် ဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် ကုလသမဂ္ဂမှ ဝန်ထမ်းများသည် စူးစူးနစ်နစ် ကြေကွဲဝမ်းနည်းလျက်ရှိကြပြီး ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် ကုလသမဂ္ဂ ဝန်ထမ်းများအား အဆိုးရွားဆုံးသော တိုက်ခိုက်မှုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ် ၂၇ ရက်က ဘဂ္ဂဒက်မြို့မှ ၆၇၅ ကီလိုမီတာကွာဝေးသည့် အွမ်ကာဆာမြို့အနီးရှိ စစ်သင်တန်းတစ်ခုတွင် စစ်သုံ့ပန်းများအား နှိပ်စက်ညှဉ်းပန်းမှုဖြင့် စွပ်စွဲခံထားရသူ အမေရိကန်စစ်သား လေးဦးအား စစ်ဆေးမေးမြန်းနေသည့် ရွက်ဖျင်တဲ အပြင်ဘက်မှ အမေရိကန်တပ်သားများ စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂါဂြိုဟ်နှင့် ကမ္ဘာတို့ အနီးကပ်ဆုံးပူးယှဉ် နက္ခတ္တဗေဒလိုက်စားသူများက လေ့လာစောင့်ကြည့်

ဆန်ယာ(ဟိုင်နန်ပြည်နယ်) ဩဂုတ် ၂၈

အင်္ဂါဂြိုဟ်နှင့် ကမ္ဘာတို့ အနီးကပ်ဆုံးသော အနေအထားသို့ ရောက်ရှိမှုကို လေ့လာစောင့်ကြည့်နိုင်ရန် တရုတ်ပြည်တောင်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ကုန်းမြင့်ဒေသဥယျာဉ်တစ်ခုအတွင်း နက္ခတ္တဗေဒ ချစ်မြတ်နိုးသော တရုတ်လူမျိုး ရာပေါင်းများစွာသည် ဗုဒ္ဓဟူးနေ့ညက စုဝေးခဲ့ကြသည်။

ကမ္ဘာဂြိုဟ်နှင့် အနီးဆုံးသော အကွာအဝေးအထိသို့ ရောက်ရှိလာမည့် အင်္ဂါဂြိုဟ်ကို လေ့လာစောင့်ကြည့်နေသူများသည် ကြည်လင်သော ကောင်းကင်ပြင်ကြောင့် မြင်ကွင်းကောင်းကောင်း တွေ့မြင်နိုင်ကြောင်း လျူတန်လင်ဆိုသူက ပြောကြားသည်။ ၎င်းသည် ကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့ နီးကပ်စွာ အတူယှဉ်တွဲမှုကို လေ့လာစောင့်ကြည့်နိုင်ရန် ဟိုင်နန်ကျွန်းသို့ ခရီးထွက်ခွာလာခဲ့သူဖြစ်သည်။

အင်္ဂါဂြိုဟ်ကို လေ့လာစောင့်ကြည့်မည့် ရာပေါင်းများစွာသော တရုတ်လူမျိုးများတွင် ပါဝင်သည့် လျူနှင့် ၎င်း၏မိတ်ဆွေများသည် ဆန်ယာမြို့ရှိ လျူဝီကျူဥယျာဉ်အတွင်း နက္ခတ်တာရာကြည့်မှန်ပြောင်းများကို တပ်ဆင်ခဲ့ကြသည်။

အင်္ဂါဂြိုဟ်သည် ဩဂုတ် ၂၇ရက်တွင် ကမ္ဘာဂြိုဟ်နှင့် အနီးကပ်ဆုံးသော နေရာအကွာအဝေးအထိ ရောက်ရှိလာသည်။ ကမ္ဘာမှ ကီလိုမီတာ ၅၅ဒသမ ၇၆သန်းခန့် ကွာဝေးသောနေရာသို့ ရောက်ရှိမည့် အင်္ဂါဂြိုဟ်သည် နှစ်ပေါင်း ၆၀၀၀၀ နောက်ပိုင်း ပထမဆုံးအကြိမ် ကမ္ဘာနှင့် အနီးဆုံးနေရာသို့ ရောက်ရှိခြင်းဖြစ်သည်။ ဤကဲ့သို့သော အင်္ဂါဂြိုဟ်နှင့် ကမ္ဘာတို့ ပူးယှဉ်မှုသည် လာမည့် ၂၂၈၇ခုနှစ်တွင် ထပ်မံတွေ့ကြုံနိုင်ကြောင်း ဂွန်ဒေါင်း နက္ခတ္တဗေဒပညာရှင်များအသင်းက ပြောကြားသည်။

တရုတ်ပြည်တောင်ဘက်စွန်းရှိ ဟိုင်နန်ကျွန်းသည် အင်္ဂါဂြိုဟ်နှင့် ကမ္ဘာတို့ ပူးယှဉ်မှုမြင်ကွင်းကို အရှင်းလင်းဆုံးတွေ့မြင်နိုင်မည့် နေရာကောင်းဖြစ်ကြောင်း အဆိုပါအသင်းက ပြောကြားသည်။

တရုတ်ပြည်တောင်ပိုင်းတွင် နေထိုင်သူများသည် အင်္ဂါဂြိုဟ်ကို မြင်ကွင်းကောင်းကောင်းဖြင့် ပိုမိုတွေ့မြင်နိုင်ခွင့်ရမည်ဖြစ်ပြီး တရုတ်ပြည်အရှေ့ပိုင်း ကျန်စုပြည်နယ် မြို့တော်နန်ကင်းကဲ့သို့သော မြို့ကြီးများ၌ နေထိုင်သူများသည်လည်း အနီရောင်အသွေးရောင်ရှိသည့် အင်္ဂါဂြိုဟ်ကို လက်မလွှတ်စတမ်း ကြည့်ရှုကြသည်။

ဩစတြေးလျနိုင်ငံတွင်လည်း လူထောင်ပေါင်းများစွာသည် ကမ္ဘာအနီးအပါးသို့ အနီးကပ်ဆုံး ချဉ်းကပ်လာသည့် အင်္ဂါဂြိုဟ်ကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။ တဟီတီကျွန်း၏ ကမ်းရိုးတန်းဒေသမှသည် ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့မှ အပျော်တမ်းနှင့် ပညာရှင် နက္ခတ္တဗေဒ လိုက်စားသူများသည် အင်္ဂါဂြိုဟ်ကို လေ့လာရန် အဝေးကြည့်မှန်ပြောင်းဖြင့် စောင့်စားခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ၊ရိုက်တာ။

အထူးသံတမန် ဆာဂျီယိုဒီမဲလို၏ ရုပ်အလောင်း သောကြာနေ့တွင် ဂျီနီဗာမြို့၌ သင်္ဂြိုဟ်မည်

ဂျီနီဗာ ဩဂုတ် ၂၇

ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ် ဗုံးဖောက်ခွဲခံရပြီးနောက် သေဆုံးခဲ့သည့် ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလို၏ ရုပ်ကလပ်ကို ဂျီနီဗာမြို့၌ သောကြာနေ့တွင် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အသက် (၅၅) နှစ်ရှိ ဘရာဇီးနိုင်ငံသားဖြစ်သူ ဒီမဲလိုသည် ကုလသမဂ္ဂတွင် နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ရာထူးကို အနာဂတ်ကာလတွင် ဆက်ခံနိုင်မည်ဟု အများက ရှုမြင်ထားကြသည်။ ၎င်းသည် လွန်ခဲ့သည့်အင်္ဂါနေ့က ကုလသမဂ္ဂအဖွဲ့ရုံးချုပ် ဖောက်ခွဲခံရမှုတွင်အခြားလူ၂၂ဦးနှင့်အတူ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

၎င်း၏ ရုပ်အလောင်းအား ရက်သတ္တပတ် အားရက်တွင် ပြည်သူများ ကြေကွဲတမ်းတ ဂုဏ်ပြုနိုင်ရန် ရီယိုဒီဂျနေရိုမြို့သို့ သယ်ဆောင်သွားပြီး တနင်္လာနေ့တွင် ဂျီနီဗာမြို့သို့ သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဒီမဲလိုသည် ဂျီနီဗာရှိ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးတွင် တာဝန် ထမ်းဆောင်ခဲ့ဖူးသည်။

ဒီမဲလို၏ ရုပ်ကလပ်အား ဂျီနီဗာမြို့ရှိ အထင်ကရ သင်္ချိုင်းတွင် သင်္ဂြိုဟ်မြှုပ်နှံမည်ဖြစ်သည်။ အဆိုပါသင်္ချိုင်းသည် ပလိန်ပါလစ်ခရိုင်တွင်ရှိပြီး ရေဖျန်းခရစ်ယာန် ခေါင်းဆောင် ဂျင်းကယ်လ်ဗင်၊ စာရေး ဆရာကြီး ဂျိမ်းစ်ဂျိုက်စ်နှင့် ဂျော့ဂျ်လူးဝစ္စဘော်ဂျီတို့မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည့်နေရာဖြစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒတ်ဟမ်းမားရှိုးသည် လွတ်လပ်ရေးစတင်ရသည့် ကွန်ဂိုသမ္မတနိုင်ငံ ပြဿနာဖြေရှင်းရန်အတွက် အာဖရိကဒေသသို့သွားစဉ် လေယာဉ်ပျက်ကျပြီး သေဆုံးခဲ့ပြီးနောက် ဒီမဲလိုသည် လုပ်ငန်းတာဝန် ထမ်းဆောင်ရင်း သေဆုံးခဲ့သည့် ကုလသမဂ္ဂ၏ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇင်ဘာဘွေကို အရေးယူမှုများ အလုပ်မဖြစ်ဘဲ ပြည်သူများ၏ဘဝကိုသာ အခက်အခဲဖြစ်စေ

ဒါရက်ဆလမ် ဩဂုတ် ၂၇

အာဖရိကတိုက်တောင်ပိုင်း ဖွံ့ဖြိုးရေးအဖွဲ့ (အက်စ်အေဒီစီ) ဥက္ကဋ္ဌဖြစ်သူ တန်ဇန်းနီးယားသမ္မတ ဘင်ဂျမင်အမ်ကာပါသည် ဇင်ဘာဘွေနိုင်ငံ၏ မြေယာဝါဒကို ကာကွယ်လိုက်ပြီး ဇင်ဘာဘွေနိုင်ငံအပေါ် အရေးယူမှုများကို ဖျက်သိမ်းပေးရန် အနောက်နိုင်ငံများအား တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

မလိုလားအပ်

ဇင်ဘာဘွေနိုင်ငံ ကိစ္စမျိုးတွင် အရေးယူမှုများ အသုံးချမှုသည် ကောင်းမွန်ထိရောက်သည့် မဟာဗျူဟာတစ်ရပ်ဟု မိမိမယူဆကြောင်း၊ အက်စ်အေဒီစီ ညီလာခံဖွင့်ပွဲတွင် ကိုယ်စားလှယ် ၇၀၀ ကျော်နှင့် အက်စ်အေဒီစီအဖွဲ့ဝင် ၁၂ နိုင်ငံမှ နိုင်ငံနှင့် အစိုးရခေါင်းဆောင်များအား ပြောကြားသည်။ အရေးယူမှုများမှာ အလုပ်မဖြစ်သည့်အပြင် ဇင်ဘာဘွေပြည်သူများ၏ ဘဝကိုပင် မလိုလားအပ်ဘဲ အခက်အခဲဖြစ်စေကြောင်း ၎င်းကပြောကြားသည်။

ယခုအခါ ယင်းအရေးယူမှုများကို ဖျက်သိမ်းသင့်ကြောင်း၊ အရေးယူမှုများကို အလျင်အမြန် ရုပ်သိမ်းလေ အပြုသဘောဆောင်သည့် တိုးတက်မှုဖြစ်စဉ်အပေါ် ပို၍မြန်မြန်ဆန်ဆန် ဩဇာသက်ရောက်လေ ဖြစ်ပြီး အပြောင်းအလဲဖြစ်ပေါ်နိုင်ကြောင်း တန်ဇန်းနီးယားသမ္မတက ပြောကြားသည်။

၂၀၀၂ ခုနှစ်တွင် သမ္မတရောဘတ်မူဂါဘီ ပြန်လည်ရွေးချယ် တင်မြှောက်ခံရပြီးနောက် ဥရောပသမဂ္ဂ (အီးယူ) နှင့် အမေရိကန်တို့က ပြဋ္ဌာန်းထားသည့် ဇင်ဘာဘွေနိုင်ငံအပေါ် အရေးယူမှုများကို ဖျက်သိမ်းပေးရန် အက်စ်အေဒီစီက အနောက်နိုင်ငံအစိုးရများကို တိုက်တွန်းထားသည်။

အင်တာနက်။

အမေရိကန်ကိုယ်တိုင် နျူလက်နက်များလျှော့ချသင့် စံနမူနာပြဖြစ်ရန် အိုင်အေအီးအေအကြီးအကဲ ပြောဆို

ဘာလင် ဩဂုတ် ၂၇

နျူကလီးယား လက်နက်များကို လျှော့ချကာ သုတေသနအစီအစဉ်များကို ရပ်ဆိုင်းခြင်းဖြင့် ကမ္ဘာ့အခြားနိုင်ငံများအား စံနမူနာပြဖြစ်စေရေး ပြသရန် ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေး အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က အမေရိကန်ပြည်ထောင်စုအား အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။ အမေရိကန်အစိုးရသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်မှုမပြုရန် အခြားနိုင်ငံများအား တောင်းဆိုနေချိန်မှာပင် ၎င်းကိုယ်တိုင်က နျူကလီးယားလက်နက်များအားတပ်ဆင်နေကြောင်း အိုင်အေအီးအေ အကြီးအကဲ မိုဟာမက် အယ်ဘာရာဒေးက ဂျာမနီနိုင်ငံမှ အပတ်စဉ်ထုတ် စတန်းမဂ္ဂဇင်းသို့ ပြောကြားသည်။ အမေရိကန် သမ္မတဂျော့ဂျ်၊ ဒဗလျူ ဘုရှ်၏ အမျိုးသားဒုံးကျည် ကာကွယ်ရေးအစီအစဉ်အား ဝေဖန်ရာတွင် အထူးအခွင့်အရေးရရှိသည့် နိုင်ငံအနည်းငယ်သည် အမေရိကန်၏ အဆိုပါ အစီအစဉ်အောက်တွင် ရှိနေမည်ဖြစ်ပြီး ကမ္ဘာပေါ်ရှိ ကျန်သည့် နိုင်ငံများမှာမူ ယင်းအစီအစဉ်ပြင်ပတွင် ရောက်သွားမည်ဖြစ်ကြောင်း ၎င်းက ထောက်ပြလိုက်သည်။

ကမ္ဘာပေါ်တွင် နျူကလီးယားလက်နက်များကို မူလကတည်းက ပိုင်ဆိုင်ထားကြသည့် အမေရိကန်၊ ရုရှား၊ ပြင်သစ်၊ ဗြိတိန်နှင့် တရုတ်ပြည်တို့အနေဖြင့် နျူကလီးယားလက်နက်များကို ဖျက်သိမ်းနေကြောင်းကို ကမ္ဘာကြီးအား ရှင်းရှင်းလင်းလင်း ပြသသင့်သည်ဟု အယ်ဘာရာဒေးက ပြောကြားလိုက်သည်။ *အမ်အင်အေ၊ရိုက်တာ။*

ဝါသနာပါလို့ နှောင့်ယှက်နေတာပါ။ ကိုယ့်လမ်းကိုယ်သာလျှောက်ကြပါစို့

တက္ကသိုလ်မြတ်သူ

ဩဂုတ်လ ၁၆ ရက်၊ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာများမှာ **နိုင်ငံခြားစွက်ဖက်မှုမှန်သမျှ ကမ္ဘာ့ကလက်မခံ၊ မလိုလားပါ** ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာနိုင်ငံအပေါ် နိုင်ငံခြား တိုင်းပြည်အချို့ရဲ့ စွက်ဖက်မှု၊ နှောင့်ယှက်မှုတွေကို ကျွန်တော်တင်ပြခဲ့ပါတယ်။ တောင်ငူခေတ် တပင်ရွှေထီးဟာ နိုင်ငံခြားသားများရဲ့ အရက်ထောင်ချောက်အတွင်း သက်ဆင်း ကျရောက်သွားခဲ့တဲ့အတွက် ဘဝပျက်ရပုံကစပြီး ဒီကနေ့အထိ ဗြိတိန်နဲ့ အမေရိကန်နိုင်ငံများရဲ့ နှောင့်ယှက်နေပုံများကို တင်ပြခဲ့ပါတယ်။ သတင်းစာ စာမျက်နှာကိုငဲ့ပြီး ကျွန်တော် ရှည်လျားပြည့်စုံစွာ မတင်ပြနိုင်ခဲ့ပါဘူး။

မင်းတရားရွှေထီး လုပ်ကြံခံရတဲ့အချိန် ပြည်တွင်းက ရာဇပလ္လင်လုဖို့ ကြံသူကကြံ၊ လက်နက်ကိုင် ပုန်ကန်သောင်းကျန်းသူက သောင်းကျန်း၊ နိုင်ငံခြားသား တောကြောင်တွေက အကွက်ချောင်းနဲ့ ဖြစ်ခဲ့ကြတာ သမိုင်းမှာ ကျွန်တော်တို့ လေ့လာခဲ့ပြီးကြပါပြီ။ အဲဒီတုန်းက လက်ရုံးရည်၊ နှလုံးရည် ပြည့်စုံတဲ့ ဘုရင့်နောင်ကျော်ထင်နော်ရထာက အခြေအနေတွေ ဝင်ထိန်းနိုင်ခဲ့လို့သာပေါ့။ ဘုရင့်နောင်လို မျိုးချစ်ပုဂ္ဂိုလ်များသာ မရှိရင် ဒုတိယ၊ တတိယမြန်မာ နိုင်ငံတော်လို့တောင် ထူထောင်နိုင်ပါ့မလားမသိပါဘူး၊ ဘုရင့်နောင်ဟာ အကွဲကွဲ အပြားပြားဖြစ်နေတဲ့ နိုင်ငံတော်ကိုစုစည်းပြီး ဒုတိယမြန်မာနိုင်ငံတော်ကြီး တည်ထောင်နိုင်ခဲ့ပါတယ်။ ဒီအချက်ကို ကျွန်တော် ဖြည့်စွက်တင်ပြချင်ပါတယ်။ ဒီအချက်ဟာ ဒီကနေ့အထိ ကျွန်တော်တို့ယူရမယ့် သင်ခန်းစာပါ။

နောက်တစ်ချက်ဖြည့်စွက်တင်ပြပါရစေ၊ ၁၉၄၉–၅၀ပြည့်နှစ် တစ်ဝိုက်က မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်း အမေရိကန်စီအိုင်အေနဲ့ ပူးပေါင်းကျူးကျော် ဝင်ရောက်ခဲ့တဲ့ကိစ္စပါ။ မြန်မာပြည်သူ တစ်ရပ်လုံးက အဲဒီကျူးကျော်မှုကို နယ်ချဲ့ကျူးကျော်မှုအဖြစ် ရှုတ်ချကန့်ကွက်ခဲ့ပါတယ်။ တပ်မတော်က တိုက်ခိုက်ချေမှုန်းပါတယ်။ ဖဆပလအစိုးရက ကုလသမဂ္ဂကို တင်ပြတိုင်တန်း ခဲ့ပါတယ်။ ကုလသမဂ္ဂမှာ အနောက်အုပ်စုက မြန်မာနိုင်ငံရဲ့ အဆိုလွှာထဲက **ကေအမ်တီ (ကူမင်တန်) တရုတ်ဖြူတပ်တွေ** ဆိုတဲ့ အသုံးအနှုန်းအစား **နိုင်ငံခြားတပ်များ** ဆိုပြီး ပြင်ပေးဖို့ ပြောပါတယ်။ တရုတ်ဖြူတပ်တွေ မြန်မာနိုင်ငံထဲက ထွက်သွားရင်တော်ပြီဆိုပြီး မြန်မာအစိုးရရဲ့ ကုလသမဂ္ဂ ကိုယ်စားလှယ်က လိုက်လျောခဲ့ပါတယ်။ ဒီနောက်တော့ တရုတ်ဖြူ တပ်တွေ မြန်မာနိုင်ငံထဲက အထွက်ပြတာပါပဲ။ ဖော်မိုဆာသို့လေကြောင်းဖြင့် အသုတ်လိုက် ခွဲပြန်သွားခဲ့ကြသည်။

၁၉၅၃ခုနှစ် အတွင်းမှာပင် တရုတ်ဖြူများက မြန်မာနိုင်ငံမှ ထွက်ခွာသွားသည်။ ဇာတ်လမ်းက ဤတွင် ပြီးပြီဟုဆိုသင့်၏။ သို့သော် မပြီးချေ။ လှည့်ပတ်ကွေ့ရှောင် ပုန်းလျှိုကျန်ခဲ့သော တရုတ်ဖြူများကို တပ်မတော်က ဆက်လက်ချေမှုန်း တိုက်ခိုက်နေခဲ့ရသည်။

ကျွန်တော်၏ညီတစ်ဝမ်းကွဲ ကိုဝင်းဖေမှာ ကြယ်ငါးပွင့်သင်္ဘောများနှင့် တိုမိုရှစ်ပင်းကုမ္ပဏီမှ ပင်လယ်ကူးသင်္ဘောများတွင် အင်ဂျင်နီယာချုပ်အဖြစ် အမှုထမ်းခဲ့သည်။သင်္ဘောခရီးစဉ်များအရ တရုတ်(တိုင်ပေ)သို့လည်း အကြိမ်ကြိမ် ရောက်သည်။ တစ်ခေါက်တွင်မူ တရုတ်(တိုင်ပေ)မြို့လယ်တွင် အသားညိုညို လူတစ်ယောက်တွေ့သည်။ လက်ဖမိုး၊လက်ကောက်ဝတ်တို့တွင် ဆေးမင်ကြောင် ထိုးထားသည်။ မင်ကြောင်ထိုးထားရာ၌ အင်းကွက်များအတွင်း မြန်မာအက္ခရာ များပါနေသဖြင့် ထိုလူကို ကိုဝင်းဖေက မြန်မာပြည်ကလား၊ မြန်မာလူမျိုးလားဟု မေးသည်။

"မြန်မာပြည်ကပါ၊ ဒါပေမယ့် ဗမာတော့မဟုတ်ပါဘူး၊ နယ်စပ်ဒေသက တိုင်းရင်းသားလူမျိုးပါ"

"ဒီကို ဘယ်လိုလုပ်ရောက်နေတာလဲ"

"မြန်မာနိုင်ငံက ကေအမ်တီ တရုတ်ဖြူတွေ ဖော်မိုဆာ ပြန်ရတော့ မယ်ဆိုတော့ ကျွန်တော်တို့တိုင်းရင်းသားလူမျိုး တစ်သောင်းလောက်ကို အလည် အပတ်လိုက်ခဲ့ဖို့ တရုတ်ဖြူတွေကခေါ်တယ်။ ကျွန်တော်တို့ကလည်း ပြီးရင်ပြန်လာရမယ်ဆိုတော့ ရောက်ဖူးတာပေါ့ဆိုပြီး လိုက်လာကြတာပေါ့ဗျာ၊ ဒီရောက်တော့ မြန်မာနိုင်ငံပြန်ပို့ပေးဖို့ပြောတော့လည်း နေ့ရွှေ့ ညရွှေ့နဲ့ ပြန်မပို့ပါဘူးဗျာ၊ ကြာတော့ ကျွန်တော်တို့လည်း ဒီမှာအိမ်ထောင်ကျပြီး နေလိုက်ရတော့တာပါပဲ"

"ဒါဖြင့် ခင်ဗျားတို့ ဒီကို ဘယ်လိုပုံစံမျိုးနဲ့လာရသလဲ၊ အဝတ်အစားက အစပေါ့ဗျာ၊ ဘယ်လိုဝတ်ခဲ့ကြရသလဲ"

"သူတို့ပေးတဲ့ ကေအမ်တီဝတ်စုံတွေ ဝတ်ကြရတော့တာပေါ့ဗျာ"

ကိုဝင်းဖေ တွေ့လာခဲ့ရတဲ့ မြန်မာနိုင်ငံက တိုင်းရင်းသားအဆိုအရ သူတို့မြန်မာတိုင်းရင်းသား တစ်သောင်းလောက်က တရုတ်ဖြူဟန်ဆောင်ပြီး နိုင်ငံတကာနဲ့ ကုလသမဂ္ဂကိုယ်စားလှယ်များရှေ့မှာ ဖော်မိုဆာကိုလာကြရပြီး တရုတ်ဖြူများက မြန်မာနိုင်ငံအပါအဝင် ရွှေတြိဂံဒေသမှာ တပ်ဖျောက်၊ ရုပ်ဖျက်ပြီး နေရစ်ခဲ့ကြသည့် တစ်ပတ်ရိုက်မှုကြီးကို သိခဲ့ရပါတယ်။ ဒါကြောင့်လည်း မြန်မာနယ်စပ်၊ လာအိုနယ်စပ်၊ ထိုင်းနယ်စပ်တို့မှာ တရုတ်ဖြူတွေ လားတန်းကြီးနှင့် ဘိန်းချနေခဲ့နိုင်ကြတာပါပဲ။ ဘိန်းဖြူလုပ်ငန်းဆိုလည်း တရုတ်ဖြူတွေပါပဲ၊ သူတို့က အမေရိကန်စီအိုင်အေ အကူအညီနဲ့ ဒွန်းမောင်းလေဆိပ်နဲ့ ရေကြောင်း၊ ကြည်းကြောင်းတို့နဲ့ ကမ္ဘာ့အရှေ့ခြမ်း၊ အနောက်ခြမ်း မူးယစ်ဆေးဝါးလမ်းကြောင်းကြီး သွယ်တန်းဖောက်လုပ်နိုင်ခဲ့ကြတာပါပဲ။

အဲဒါနဲ့ပတ်သက်လို့ ဦးတင်မောင်ရင် (မဟာဝိဇ္ဇာ)ပြုစုထုတ်ဝေခဲ့တဲ့ **ရွှေတြိဂံမြေက ဘိန်းဖြူသံသရာ** စာအုပ်ထဲက **မြန်မာပြည်တွင်းမှ လျှို့ဝှက်စစ်ပွဲကေအမ်တီ** ဆိုတဲ့ အခန်းမှာ ပြည့်ပြည့်စုံစုံကလေး ဖော်ပြထားပါတယ်။ စာပိုဒ်အချို့ကောက်နုတ်တင်ပြလိုက်ပါရစေ။

"မြန်မာပြည်တွင် စီအိုင်အေလှုပ်ရှားမှုသည် ယခင်က ဘိန်းအနည်းအကျဉ်းသာ စိုက်ပျိုးသည့် ရှမ်းပြည်နယ်ကို ကမ္ဘာပေါ်တွင် ဘိန်းအများဆုံးစိုက်ပျိုးသည့် ဒေသအဖြစ်သို့ ပြောင်းလဲခဲ့လေသည်။ ၁၉၄၉ ခုနှစ်တွင် ချန်ကေရှိတ်တပ်များ (ကူမင်တန် သို့မဟုတ် ကေအမ်တီ) ဗုန်းဗုန်းကျ ပြိုကွဲသွားသောအခါတွင် အရှေ့တောင်အာရှသို့ ကွန်မြူနစ်တို့ ထိုးဖောက်မလာစေရန် တားဆီးရမည်ဟု (အမေရိကန်သမ္မတ) ထရူးမင်း အစိုးရက သဘောရသည်။ ၁၉၅၀တွင် ကာကွယ်ရေးဌာနက အင်ဒိုချိုင်းနားမှ ပြင်သစ်တို့အား စစ်ရေးထောက်ပံ့မှု တိုးပေးသည်။ ထိုအချိန်မှာပင် စီအိုင်အေ(အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ)က ကေအမ်တီ တပ်ကြွင်းတပ်ကျန်များကို ရှမ်းပြည်နယ်တွင် ပြန်လည် စုစည်းကာ တရုတ်ပြည်တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခိုက်ရန် စီမံကိန်းချသည်။ စစ်ရေးတွင် မချွန်သည့် **ကေအမ်တီ**သည် ဘိန်းမှောင်ခိုလုပ်ငန်းတွင် အလွန် ထူးချွန်ပေသည်။"

"ရှမ်းပြည်နယ် ဘိန်းအမြောက်အမြားကို ကေအမ်တီ(တရုတ်ဖြူ)တို့က ထိုင်းနိုင်ငံမြောက်ပိုင်းသို့ တင်ပို့သည်။ ယိုးဒယားနိုင်ငံမှ စီအိုင်အေလက်ဝေခံ ထိုင်းရဲချုပ်ဖအိုသီယနန္ဒာကဒိုင်ခံဝယ်သည်။ ကေအမ်တီတို့အတွက် နောက်ကြောင်းလုံစေရန် ဖအို–ကေအမ်တီ ဖက်စပ်လုပ်ငန်းကို စီအိုင်အေက ထောင်ပေးသည်။ ထိုဖက်စပ်လုပ်ငန်းသည်ပင်လျှင် အာရှအရှေ့တောင်ဒေသတွင် ဘိန်းမှောင်ခိုလုပ်ငန်းကြီးထွားလာရေးအတွက် အရေးအပါဆုံးအချက် ဖြစ်နေပေသည်။"

"၁၉၆၁ ခုနှစ်တွင် မြန်မာ့တပ်မတော်ထိုးစစ်ကြောင့် ကေအမ်တီများ လာအိုနှင့် ထိုင်းနိုင်ငံသို့ ဆုတ်ခွာခဲ့ရသည်။ ထိုအချိန်မတိုင်မီအထိ ကေအမ်တီတို့သည် စီအိုင်အေအထောက်အပံ့ဖြင့် မြန်မာ့မြေပေါ်တွင် နေခဲ့ကြသည်။ ထိုအချိန်တွင် ကေအမ်တီတို့၏ ကွပ်ကဲမှုဖြင့် ရှမ်းပြည်နယ်မှ နှစ်စဉ်ဘိန်းတန်ချိန် ၃၀၀ မှ ၄၀၀ အထိ ထုတ်လုပ်နိုင်နေပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက တန် ၄၀ ပင် ပြည့်အောင်မထုတ်ခဲ့ပေ။ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ အခြေခံစခန်းများမှ မြောက်မြားစွာသော ဝန်တင်လားအုပ်များကို စေလွှတ်၍ ရှမ်းပြည်ထွက် ဘိန်းများကို သယ်ဆောင်ကြသည်။ စီအိုင်အေက ကေအမ်တီအား ရွှေတြိဂံနယ်တွင် စတင်ထောက်ပံ့ခဲ့ပြီး နှစ်ပေါင်း ၂၀ အကြာ အဆိုပါဝန်တင်လားအုပ်များသည် တစ်ကမ္ဘာလုံး မှောင်ခိုဘိန်းစုစုပေါင်း၏ သုံးပုံတစ်ပုံကို သယ်ဆောင်နေကြရာ ၎င်းတို့သည် အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးတိုးတက်လာသည့် ဘိန်းဖြူလုပ်ငန်းတွင်လည်း အရေးပါသည့်အခန်းက ပါဝင်ခဲ့လေသည်။"

"လေ့လာတွေ့ရှိခဲ့သမျှသော စာရွက်စာတမ်းများမှာ အဓိပ္ပာယ်စစ်ထုတ်လိုက်လျှင် ထရူးမင်းအစိုးရသည် မော်စီတုံးက အရှေ့တောင်အာရှကို သိမ်းယူလိုသည့် ဆန္ဒရှိမည်ကို များစွာစိုးရိမ်သည်။ တရုတ်ပြည်တောင်ပိုင်း တစ်နေရာမှနေ၍ ထိုးဖောက်လာမည်ကိုလည်း စိုးရိမ်သည်။ အင်ဒိုချိုင်းနားဒေသသည် တရုတ်တို့၏ထိုးစစ်ကို တွန်းလှန်ဟန့်တားနိုင်စွမ်းရှိသည်ဟု ထရူးမင်းအစိုးရက ယုံကြည်သည်။ သို့ရာတွင် မြန်မာနယ်နိမိတ်ကို ဖြတ်ကျော်ကာ ထိုင်းမှတစ်ဆင့် အင်ဒိုချိုင်းနားကို အနောက်ဘက်မှဝင်တိုက်လျှင် မခက်ပါလားဟူ၍လည်း စိုးရိမ်ပြန်သည်။ ထိုပြဿနာကိုဖြေရှင်းရန်၊ တစ်နည်း အင်ဒိုချိုင်းနားကို အနောက်ဘက်မှ ဝင်တိုက်မည့် အန္တရာယ်ကို ကာကွယ်ရန်၊ တိဗက်မှ ထိုင်းနိုင်ငံအထိ တရုတ်–မြန်မာ နယ်စပ်တစ်လျှောက်တွင် ကေအမ်တီ(တရုတ်ဖြူ) တပ်ကြွင်းများဖြင့် တားဆီးရန်အတွက် ကေအမ်တီတို့အား (အမေရိကန်)က လက်နက်တပ်ဆင်ခြင်းသာဖြစ်ပေသည်။"

"ကေအမ်တီအား စီအိုင်အေက ပထမဆုံးအကြိမ် တိုက်ရိုက်ထောက်ပံ့သည့် လက္ခဏာများသည် ၁၉၅၁ ခုနှစ်နှစ်ဦးက စတင်ပေါ်ပေါက်လာသည်။ အမှတ်အသားမပါသည့် စီ ၄၆နှင့် စီ ၄၇ အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်များသည် တစ်ပတ်လျှင် ငါးကြိမ်ထက်မနည်း မိုင်းဆတ်တစ်ဝိုက်ရှိ ကေအမ်တီ တပ်ဖွဲ့များထံ လေထီးဖြင့် ပစ္စည်းချပေးခဲ့သည်ကို မြန်မာထောက်လှမ်းရေး အရာရှိများက သတင်းပို့ခဲ့သည်။ ထိုသို့ အထောက်အပံ့များ ရရှိလာသော ကေအမ်တီများသည် ၎င်းတို့၏ အင်အားကို အားကြီးမာန်တက် တိုးချဲ့လာကြသည်။

"၁၉၅၁ ခုနှစ်ကုန်ခါနီးတွင် ကေအမ်တီတို့သည် မိုင်းဆတ်မြို့ရှိ စစ်အတွင်းက အသုံးပြုခဲ့သည့် လေယာဉ်ကွင်းကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထိုကွင်းသို့ တရုတ်(တိုင်ပေ)နှင့်ဗန်ကောက်မှစက်ခေါင်းနှစ်လုံးတပ်လေယာဉ်ကြီးများ ဆင်းသက်နိုင်ခဲ့သည်။ နိုဝင်ဘာလတွင် (တရုတ်ဖြူဗိုလ်ချုပ်) လီမီသည် တရုတ်(တိုင်ပေ)သို့ လေယာဉ်ဖြင့် ထွက်ခွာသွားကာ သုံးလမျှအနားယူခဲ့ပြီးနောက် မြို့ပြလေကြောင်း ပို့ဆောင်ရေးလေယာဉ် (နောင်အခါလေကြောင်းပို့ဆောင်ရေး) ဖြင့် ပြန်လာခဲ့သည်။ အဆိုပါကုမ္ပဏီမှ လေယာဉ်များသည် တရုတ်(တိုင်ပေ)မှ မိုင်းဆတ်သို့ ကေအမ်တီ အမြဲတမ်းတပ်ဖွဲ့ဝင် ၇၀၀ ကို သယ်ဆောင်ပေးခဲ့သည်။ ထိုအတောအတွင်း တရုတ်(တိုင်ပေ)မှ မိုင်းဆတ်သို့ တစ်ပတ်လျှင် နှစ်ကြိမ်ကျ အမှတ်အသားမပါသည့် စီ ၄၇ အမျိုးအစားလေယာဉ်များ လွန်းပြန်သွားနေကြောင်း မြန်မာထောက်လှမ်းရေးဌာနမှ သတင်းပေးပို့ခဲ့သည်။"

"ဗန်ကောက်တွင် ဖွင့်လှစ်ထားသည့် အဏ္ဏဝါထောက်ပံ့ရေးကော်ပိုရေးရှင်း (Sea Supply Corporation) အမည်ခံ အမေရိကန်ကုမ္ပဏီတစ်ခုကလည်း အမေရိကန်လက်နက်ခဲယမ်း အမြောက်အမြားကို မိုင်းဆတ်သို့ တင်ပို့ခဲ့သည်။ ထိုအချိန်ကစ၍ ကေအမ်တီတပ်သားများသည် အမေရိကန် အမ်–၁ (ကာဘိုင်) အသစ်စက်စက်များ၊ ပွိုင့်–၅၀ စက်သေနတ်များ၊ ဘဇူကာနှင့် စိန်ပြောင်းများ၊ လေယာဉ်ပစ်အမြောက် အများအပြားကို ကိုင်တွယ်အသုံးပြုလာကြသည်။ လက်နက်များ ဖောဖောသီသီဖြစ်လာသည်တွင် တောင်တန်းသား ၈၀၀၀ တို့အား ချွေးတပ်ဆွဲကာ ကေအမ်တီတပ်သို့ သွင်းလေတော့သည်။ ထို့ကြောင့်လည်း ကေအမ်တီအင်အားသည် ၁၂၀၀၀ အထိ ကြီးထွားလာသည်။"

"မကြာမီပင် မိုင်းဆတ်နှင့် ထိုင်းနိုင်ငံတို့အကြား ဝန်တင်လားများဖြင့် ကူးသန်းရောင်းဝယ်ရေးပါ ထွန်းကားလာခဲ့သည်။ ဘိန်းအများအပြားကို မိုင်းဆတ်မှ ထိုင်းနိုင်ငံသို့လည်းကောင်း၊ တရုတ်(တိုင်ပေ)သို့လည်းကောင်း အမှတ်အသားမပါသည့် စီ ၄၇ လေယာဉ်များဖြင့် အခေါက်ခေါက်အခါခါ သယ်ဆောင်ကြသည်ကိုလည်း မြန်မာထောက်လှမ်းရေးအရာရှိများ တွေ့မြင်ကြရသည်။ မည်သို့ပင်ဖြစ်စေ မိုင်းဆတ်မှ ထွက်သွားသည့် ကေအမ်တီဘိန်းသည် ရှေးဦးစွာ ဗင်းမယ်ရောက်သည်။ ဗင်းမယ်တွင် ကေအမ်တီ (တရုတ်ဖြူ) ဗိုလ်မှူးကြီးတစ်ဦးက ဆက်သွယ်ရေးရုံးဖွင့်ထားရာ ထိုရုံးတွင် တရုတ်(တိုင်ပေ)အစိုးရ၏ သံမှူးနှင့် ဒေသဆိုင်ရာ ထိုင်းအာဏာပိုင်များလည်း ရှိပေသည်။ ထိုတရုတ်ဖြူဗိုလ်မှူးကြီးနှင့်၎င်း၏ ရုံးအဖွဲ့သည်သာမန်တရုတ်ကုန်သည်များဟန် ဗန်းပြထားသည်။ ဗန်ကောက်မှ ဗင်းမယ်သို့ မီးရထားဖြင့် ရောက်ရှိလာသော လက်နက်ခဲယမ်း မီးကျောက်များ၊ ရိက္ခာများ၊ အဝတ်အထည်များအတွက်ကျသင့်ငွေကို ၎င်းတို့က ဘိန်းဖြင့်ပင် ပေးချေကြသည်။ ထို့နောက် ထိုပစ္စည်းများကို အဆိုပါဗိုလ်မှူးကြီးကပင် တာဝန်ခံ၍ မိုင်းဆတ်သို့တင်ပို့သည်။ အများအားဖြင့် ကေအမ်တီတို့သည် ထိုင်းရဲမင်းကြီး ဖအိုနှင့်သာ အရောင်းအဝယ်လုပ်ကြသည်။ ဖအိုက လက်ခံရရှိသည့် ဘိန်းများကို ဗင်းမယ်မှ ဗန်ကောက်သို့ တင်ပို့လေသည်။ ထိုဘိန်းများကို နိုင်ငံခြားသို့လည်းပို့သည်။ ပြည်တွင်း၌လည်း သုံးသည်။"

"စီအိုင်အေအထောက်အပံ့ဖြင့် ယူနန်ကို သုံးကြိမ်တိုင်တိုင် ထိုးစစ်ဆင်ခြင်းသည် ကွန်မြူနစ်ဆန့်ကျင်ရေးမူအရ ဖြစ်သည်ဆိုလျှင် ဖြစ်နိုင်သည်ထားဦးတော့ ကေအမ်တီတို့၏ စီအိုင်အေထောက်ခံမှုဖြင့်ပင် နောက်ဆက်တွဲကျူးလွန်ကြသည့် အမှုများမှာမူ မည်သည့်ဆင်ခြင်တုံတရားမျှ မရှိပေ။ ၁၉၅၂ ခုနှစ် ကုန်ဆုံးလုနီးအချိန်တွင် ထောင်ပေါင်းများစွာသော ကေအမ်တီတို့သည် သံလွင်မြစ်ကို ဖြတ်ကျော်ကာ အနောက်ဘက်သို့ အလုံးအရင်းဖြင့် ချီတက်လာခဲ့ကြသည်။ ဤသည်မှာ မြန်မာတစ်ပြည်လုံးကို သိမ်းယူရန် ကျူးကျော်ရန်စခြင်း ဖြစ်သည်ဟု မြန်မာအစိုးရက အရေးဆိုသည်။ မတ်လ ၁၉၅၃ တွင် မြန်မာတို့၏ ထိပ်တန်းတပ်မဟာ သုံးခုသည် ကျူးကျော်လာသည့် ကေအမ်တီတို့အား ထိုးစစ်ဆင်ခဲ့ရာ ကေအမ်တီတို့သည် သံလွင်မြစ် အရှေ့ဘက်သို့ ပရမ်းပတာ ဆုတ်ခွာသွားရလေတော့သည်။ စိတ်ဝင်စားစရာတစ်ခုမှာ ဝမ်းဆာလာတိုက်ပွဲတွင် ကျကျန်ရစ်ခဲ့သည့် ကူမင်တန် (တရုတ်ဖြူ) အလောင်းများအကြားတွင် မျက်နှာဖြူသုံးဦး၏ အလောင်းများကိုပါ မြန်မာစစ်သည်တို့ တွေ့ရှိရသည်။ ၎င်းတို့ကိုယ်ပေါ်တွင် မည်သည့်အမှတ်အသားမှ မတွေ့ရှိရသော်လည်း ဝါရှင်တန်နှင့် နယူးယောက် လိပ်စာများဖြင့် ပေးပို့ထားသည့် ကိုယ်ရေးကိုယ်တာစာရွက်စာတမ်းများ တွေ့ရှိရသည်။"

"၁၉၅၃ ခုနှစ် စက်တင်ဘာလတွင် မြန်မာက ထိုကိစ္စကို ကုလသမဂ္ဂသို့ နောက်တစ်ကြိမ် တင်သွင်းပြန်တော့မှ တရုတ်(တိုင်ပေ)ကိုယ်စားလှယ်တို့က ကေအမ်တီ ၂၀၀၀ ရုပ်သိမ်းရန် သဘောတူခဲ့သည်။ ထိုကေအမ်တီ ၂၀၀၀ သည် ထိုင်း–မြန်မာနယ်စပ်သို့ ချီလာပြီး ထိုကမှ ဗင်းမယ်သို့ ကားဖြင့်ပို့ရန်၊ ဗင်းမယ်ကမှ တရုတ်(တိုင်ပေ)သို့ မြို့ပြလေကြောင်းပို့ဆောင်ရေးလေယာဉ်ဖြင့် ထွက်ခွာရန်ဖြစ်သည်။ ထိုအစီအစဉ်ကို မူလကပင် မြန်မာတို့ မယုံသင်္ကာဖြစ်ခဲ့သည်။ ကေအမ်တီတို့ဆုတ်ခွာပုံကိုအကဲခတ်ရန်လေးနိုင်ငံကော်မရှင်အဖွဲ့ ထိုင်းမြောက်ပိုင်းသို့ ရောက်ရှိလာသောအခါ ထိုင်းရဲမင်းကြီး ဖအိုကမြန်မာကိုယ်စားလှယ်အဖွဲ့အား [တရုတ်ဖြူတို့ တရုတ်(တိုင်ပေ)သို့] ဆုတ်ခွာလာမည့်နယ်သို့ သွားခွင့်မပြုခဲ့ပေ။ ထို့အပြင် ပထမဆုံးအသုတ်ဖြစ်သည့် ကေအမ်တီ ၅၀ တောတွင်းမှ ထွက်လာသောအခါ မည်သည့်လက်နက်မျှ ယူမလာကြဘဲ ကိုးလက်မ၊ ၁၅လက်မရှိ ချန်ကေရှိတ် ဓာတ်ပုံကြီးကိုသာ သယ်ဆောင်လာကြသည်။ ဤတွင်ကေအမ်တီ ရုပ်သိမ်းရေးကိစ္စ အဖတ်ဆည်မရအောင် နာမည်ပျက်သွားသည်။"

ဆရာဦးတင်မောင်ရင်ရဲ့ ရွှေတြိဂံက ဘိန်းဖြူသံသရာစာအုပ်မှာ အထက်ကောက်နုတ်ချက်ပါ တရုတ်ဖြူများအား စီအိုင်အေကထောက်ပံ့ပုံ၊ ထိုသို့ထောက်ပံ့ရခြင်းမှာလည်း အမေရိကန်သမ္မတ အစိုးရမူဝါဒအတိုင်းဖြစ်ပုံ၊ မြန်မာ့နယ်မြေ ကျူးကျော် အခြေချရုံမျှမက မြန်မာတစ်ပြည်လုံး သိမ်းပိုက်ရန်ပင် စီအိုင်အေနှင့် ပေါင်းကြံပုံ၊ မူးယစ်ဆေးဝါးလုပ်ငန်းကို နောက်ပိုင်းဘယ်လောက်ထိ ဆက်လုပ်ကြပုံများ အသေးစိတ်ဖတ်ရှုရပါသည်။ တရုတ်ဖြူတပ်တွေပြန်ဆုတ်တဲ့ ဗင်းမယ်လေဆိပ်ကို မြန်မာကိုယ်စားလှယ်အဖွဲ့ သွားကြည့်ခွင့်မရခဲ့တာကိုလည်း တွေ့ရပါတယ်။ တရုတ်ဖြူတွေ ပြန်ဆုတ်တဲ့အခါ လက်နက်တွေ ပြန်ယူမသွားပါဘူး။ ပြောလွန်းမကပြောမှုမြီးကျိုးမောင်းပျက် လက်နက်တွေစတိလောက်သာ သယ်ဆောင်သွားကြပြီး တကယ့်လက်နက်ကောင်းတွေ နယ်စပ်မှာပဲထားခဲ့ကြတာ တွေ့ရပါတယ်။ ပြန်လည်ဆုတ်ခွာသွားတဲ့ တရုတ်ဖြူ ဆိုသူတွေဟာ တကယ်တော့ တရုတ်ဖြူတွေက အခမ့်ချောဆွဲပြီးမှ တရုတ်ဖြူဝတ်စုံဝတ်ခိုင်းပြီး ဖော်မိုဆာပို့တာဖြစ်ကြောင်း၊ အဲဒီမြန်မာနိုင်ငံက ရှမ်း၊ လားဟူ စတဲ့တိုင်းရင်းသားတွေ အဲဒီမှာ ဒီကနေ့အထိ ရှိနေကြောင်း၊ ပြန်ပို့မပေးကြောင်းတွေလည်း ဖတ်ရပါတယ်။

ကျွန်တော့်ညီဝမ်းကွဲ ကိုဝင်းဖေ သင်္ဘောတာဝန်နဲ့ တရုတ်(တိုင်ပေ) ရောက်တုန်း တွေ့ခဲ့ရတဲ့ လက်မှာ မြန်မာအက္ခရာပါတဲ့ မင်ကြောင်ထိုးထားသူ မြန်မာနိုင်ငံသား တွေဆိုတာ အဲဒီတရုတ်ဖြူဝတ်စုံဝတ်ထွက်သွားရတဲ့တိုင်းရင်းသား တွေပါ။ နယ်စပ်မှာအခမ့်ချောဆွဲပြီး အပို့ခံရတဲ့ တိုင်းရင်းသားတွေ ထဲမှာ **'ဝ'** တိုင်းရင်းသား၊ **ကိုးကန့်** တိုင်းရင်းသားတွေလည်း ပါပါတယ်။ စုစုပေါင်း ၁၀၀၀၀ ကျော် ရောက်သွားရတာပါ။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်ထုတ်ဝေတဲ့ ဒေးလီးနယူးစ် သတင်းစာကြီးရဲ့အထူးသတင်းထောက် ပေါလ်မက်စ်ကီးလ်ဟာ ၁၉၇၆ ခုနှစ်က ထိုင်းနိုင်ငံ မြောက်ဖျားက တောင်ဖျားအထိ လှည့်လည်သွားလာပြီး ရွှေတြိဂံဒေသရဲ့ ဘိန်းနဲ့ဘိန်းဖြူ စိုက်ပျိုးထုတ်လုပ်မှုအကြောင်း လေ့လာခဲ့ပါတယ်။ ၁၉၇၆ ခုနှစ် မတ်လ ၂၁ ရက်နေ့ထုတ် ဒေးလီးနယူးစ်မှာ အဲဒီအတွေ့အကြုံကို သတင်းဆောင်းပါး ရေးသားတင်ပြခဲ့တယ်။ တော်တော်ကြီးကိုခြေခြေမြစ်မြစ် လေ့လာတင်ပြထားတာပါ။အဲဒီ ပေါလ်မက်စ်ကီးလ်ရဲ့ သတင်းဆောင်းပါး ထဲမှာ တရုတ်ဖြူတွေနဲ့ ပတ်သက်လို့ အသေးစိတ် ရေးသားထားတာပါ။ အောက်ပါစာပိုဒ်သုံးပိုဒ်ကိုပဲ ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။

"ရွှေတြိဂံဒေသမှ အကြီးဆုံးဘိန်းမှောင်ခို ကုန်သည်ကြီးများမှာ ယခင် ကူမင်တန်(ကေအမ်တီ) တရုတ်ဖြူများဖြစ်ကြသည်။ ကေအမ်တီသည် ကွယ်လွန်သွားသော ချန်ကေရှိတ်၏ တရုတ်အမျိုးသား တပ်ဖွဲ့ဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် ချန်ကေရှိတ်၏ တရုတ်ဖြူအစိုးရသည် တရုတ်(တိုင်ပေ)သို့ ထွက်ပြေးရချိန်တွင် တရုတ်ပြည်တောင်ပိုင်းရှိ ကေအမ်တီ တရုတ်ဖြူစစ်တပ် တစ်တပ်ကလည်း မြန်မာနိုင်ငံထဲသို့ထွက်ပြေးလာခဲ့သည်။ အဆိုပါ တရုတ်ဖြူ စစ်တပ်မှ စစ်ဗိုလ်၊ စစ်သားများသည် မကြာမီ ဘိန်းကုန်သည်များ ဖြစ်လာကြတော့သည်။"

"၁၉၇၂ ခုနှစ်တွင် ကေအမ်တီ တရုတ်ဖြူဗိုလ်ချုပ်လီဝင်ဟန်သည် တရုတ်ဖြူ စစ်သားနှင့် မိသားစုများ စုစုပေါင်းအင်အား ၂၀၀၀ ကို ဦးဆောင်လျက် ထိုင်းနိုင်ငံ မြောက်ပိုင်းသို့ (ထိုင်းအစိုးရ သဘောတူညီချက်အရ) ဝင်ရောက်ခိုလှုံခဲ့သည်။ အမေရိကန်အစိုးရက ဗိုလ်ချုပ်လီဝင်ဟန်လက်မှ ဘိန်း ၂၆ တန် ဒေါ်လာငွေ တစ်သန်းပေးရန်သဘောတူခဲ့သည်။ လီဝင်ဟန်က ထိုဒေါ်လာငွေ တစ်သန်းယူပြီး ထိုဘိန်းများကို ဖျက်ဆီးပစ်ပေးရမည်ဖြစ်သည်။ သို့ရာတွင် ဘိန်း ၂၆ တန်နှင့် ဒေါ်လာတစ်သန်း အလဲအလှယ်လုပ်ပြီးသောအခါ လီဝင်ဟန်က နောက်ထပ်ဘိန်း တစ်တန် သူ့ထံတွင်ရှိနေကြောင်းပြောပြီး ငွေထပ်တောင်းသည်။ အမေရိကန်ဘက်မှ စေ့စပ်သူများ လက်ထဲတွင် လတ်တလော ငွေပိုငွေလျှံမရှိ၍ မပေးနိုင်ဘဲ ရှိသည်။ ဗိုလ်ချုပ်လီဝင်ဟန်က ထိုဘိန်းတစ်တန်ကို ဆက်လက် သိုလှောင်ထားခဲ့သည်။ သူ့ထံတွင် နောက်ထပ်လည်း ဘိန်းတန်ချိန်များစွာ ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။"

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

ဒေါက်တာလှကြည်

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်များကို ချမှတ်ကာ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေး အခြေအနေမြှင့်တင်မှု လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည်။ ယင်း လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အခြေခံလိုအပ်ချက်အဖြစ် ပြည်သူတို့၏ အာဟာရအခြေအနေ မြင့်မားရေးလုပ်ငန်းများကိုလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိပေသည်။

အာဟာရပြဿနာများ

မျက်မှောက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အာဟာရ ပြဿနာနှင့်ကင်းသည့် နိုင်ငံဟူ၍ မရှိပါချေ။ အနည်းနှင့် အများ၊ တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့နေကြရသည်သာ ဖြစ်ပါသည်။ အာဟာရချို့တဲ့မှုပြဿနာ၊ အာဟာရ မမျှတမှုနှင့်ဆက်နွယ်နေသောဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြော ရောဂါ ပြဿနာတို့ကို ရင်ဆိုင်ဖြေရှင်းနေကြရ၏။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ရောဂါအမျိုးမျိုးကြောင့် သေဆုံးရသူ ငါးနှစ်အောက်ကလေးသူငယ်များအနက် ၅၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုနှင့် ဒွန်တွဲနေကြောင်း သိရသည်။ နိုင်ငံ ၁၀၀ ကျော်၌ မီတင်းနေထိုင်ကြသူ လူအများသည် မိမိ ပတ်ဝန်းကျင်ရေမြေ၌ အိုင်အိုဒင်းအာဟာရချို့တဲ့လာမှုကို ရင်ဆိုင်နေကြရ၏။ ဗီတာမင်အေချို့တဲ့မှုသည် ကလေးသူငယ်များအား မျက်စိကွယ်သည်ထိ အန္တရာယ်ပြုနိုင်ရုံမက ကူးစက်ရောဂါအမျိုးမျိုးကို ခုခံတိုက်ခိုက်နိုင်သည့် ကိုယ်ခံစွမ်းအားကိုလည်း ကျဆင်းစေနိုင်သည်။ သံဓာတ်ချို့တဲ့မှုကို ကမ္ဘာ့လူဦးရေစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်သည် ခံစားနေကြရ၏။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုယ်ဝန်ဆောင် အမျိုးသမီး ၅၀ ရာခိုင်နှုန်းကျော်သည် သွေးအားနည်းနေသည်ဟု ခန့်မှန်းရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ ပြည်သူတို့အတွင်း ကျန်းမာရေးကို အထောက်အကူပြုသည့် စားသောက်ပုံဓလေ့များ ထွန်းကားလာရေး၊ အာဟာရလွန်ကဲမှု၊ မမျှတမှုတို့နှင့် နီးနွယ်နေသည့် ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းစသည့် ရောဂါများ အန္တရာယ်မှ ကာကွယ်တားဆီးရေးဆိုသည့် ရည်မှန်းချက်များကို ချမှတ်၍ စီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ပြည်သူတို့၏ အာဟာရအခြေအနေ မြင့်မားလာရေးအတွက် ဆောင်ရွက်ရာတွင် အာဟာရဓာတ်များ ပါဝင်သည့် ဆေးများတိုက်ကျွေးခြင်း (Nutrient supplementation)၊ အာဟာရဓာတ်ဖြည့်စွက်ထားသည့် အစားအစာများ ထုတ်လုပ်စားသုံးစေခြင်း(Food fortification)၊ အာဟာရပညာပေးခြင်းစသည့် နည်းလမ်းမျိုးစုံကို အသုံးပြုလျက်ရှိ၏။

ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း

အာဟာရဓာတ်များပါဝင်သည့် ဆေးတိုက်ကျွေးခြင်း (Nutrient supplementation) လုပ်ငန်း အနေဖြင့် ခြောက်လမှ ငါးနှစ်အရွယ် ကလေးများအား ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း စီမံချက်ကို အကောင်အထည် ဖော်နေသည်။ ဗီတာမင်အေချို့တဲ့မှုသည် တစ်ချိန်က ဖွံ့ဖြိုးဆဲ နိုင်ငံအများအပြားတွင် ကလေးသူငယ်များ မျက်စိကွယ်ရသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့၏။

ဗီတာမင်အေချို့တဲ့မှုသည် ဝက်သက်ရောဂါနှင့်ပေါင်းပြီး အာဖရိကနှင့်အာရှတိုက်မှ ကလေးသူငယ်အမြောက်အမြား ကို မျက်မမြင်ဒုက္ခိတဘဝသို့ ပို့ဆောင်ပေးခဲ့ဖူးပါသည်။ ထို့ပြင် ဗီတာမင်အေချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့် ကလေးအတော်များများသည် မျက်စိကွယ်ပြီး တစ်နှစ်၊ နှစ်နှစ် အတွင်းမှာပင် အကြောင်းအမျိုးမျိုးကြောင့် အသက်သေဆုံးကြရသည်ဟု လေ့လာသိရှိရပြန်ပါသည်။ ယခုအခါတွင်မူ ဝက်သက်ရောဂါ ကာကွယ်ဆေးနှင့် ဗီတာမင်အေဆေးလုံးတို့၏ ကျေးဇူးကြောင့် နှစ်စဉ်အာရှနှင့် အာဖရိကမှ ထောင်ပေါင်း များစွာသော ကလေးသူငယ်တို့ကို မျက်စိကွယ်သည့်အန္တရာယ်၊ အသက်သေဆုံးရသည့်အန္တရာယ် များမှ ကာကွယ်ပေးနိုင်ကြပြီ ဖြစ်ပါ၏။ ခြောက်လမှ ငါးနှစ် အောက်ကလေးငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေး သည့်လုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ်မှစတင်ခဲ့ရာ ၁၉၉၆ ခုနှစ်တွင် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံနိုင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ဗီတာမင်အေဆေးလုံးကို အမျိုးသား ကာကွယ်ဆေးတိုက်နေ့တွင် ပိုလီယိုကာကွယ်ဆေးနှင့်တွဲပြီး တိုက်ကျွေးခဲ့သည့်အတွက် လွှမ်းခြုံမှု ရာနှုန်းပြည့်နီးပါး ရရှိနေပါသည်။

သံဓာတ်ဆေးပြား တိုက်ကျွေးခြင်း

သွေးအားနည်းရောဂါဖြစ်ရသည့် အကြောင်းအမျိုးမျိုး ရှိသည့်အနက် သံဓာတ်ချို့တဲ့ခြင်းသည် အများဆုံး ဖြစ်၏။ မည်သည့်နိုင်ငံတွင်မဆို ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ငါးနှစ်အောက် ကလေးငယ်များ၊ မျိုးဆက်ပွားနိုင်သည့် အရွယ်အမျိုးသမီးများသည်သွေးအားနည်းရောဂါကိုအများဆုံး ခံစားကြရသူများ ဖြစ်ကြသည်။ အာဟာရချို့တဲ့ပြီး သွေး အားနည်းနေသည့်ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် မီးဖွားခြင်းနှင့်ဆက်နွယ်နေသည့် ဝေဒနာအမျိုးမျိုးကို ခံစား ရပြီး အသက်ဆုံးရှုံးနိုင်သည့်အန္တရာယ် ပိုများသည်ဆိုသော အချက်မှာ အားလုံးလက်ခံထားပြီးသည့်အချက် ဖြစ်ပါသည်။ ထို့ပြင် သွေးအားနည်းသည့် ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်အလေးချိန် မပြည့်သည့် ကလေးများကို မွေးတတ်ပြန်၏။ ကောက်နှံနှင့် အသီးအရွက်များကို အဓိကထား၍ စားတတ်ကြသူများတွင် အစားအသောက်မှ သံဓာတ်အလုံ အလောက်ရရှိဖို့ မလွယ်သဖြင့် သံဓာတ်ဆေးပြားကို မှန်မှန် စားသုံးဖို့ လိုအပ်ပါသည်။ ကိုယ်ဝန်ရှိစဉ် သံဓာတ်ဆေးပြားကို မပျက်မကွက် မှီဝဲစားသုံးဖို့ အရေးကြီးကြောင်း အမျိုးသမီး တိုင်း သိထားသင့်ပါသည်။

အိုင်အိုဒင်းဆား စားသုံးခြင်း

ယခင်က လည်ပင်းကြီးရောဂါဟုအလွယ်ပြောခဲ့ကြသော အိုင်အိုဒင်းချို့တဲ့မှုသည် သန္ဓေသားနှင့် ကလေးသူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေသည့်၊ နှေးကွေးစေသည့် အကြောင်းရင်းများအနက် အများဆုံးတွေ့ရသည့် အကြောင်း ရင်း ဖြစ်ရုံမက အလွယ်တကူလည်း ကာကွယ်နိုင်ပါ၏။ အိုင်အိုဒင်းဆားကိုနိုင်ငံသားတိုင်း စားသုံးနိုင်စေရန်ဆောင်ရွက် ပေးခြင်းသည် အလွန်ထိရောက်မှုရှိသည့်အတွက် နိုင်ငံ အများအပြားတွင် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးလုပ်ငန်း ၏ ရေရှည်နည်းဗျူဟာအဖြစ် လက်တွေ့ကျင့်သုံးနေကြ ပါသည်။ မြန်မာနိုင်ငံသား အားလုံးအတွက် အိုင်အိုဒင်းဆား ကို အလုံအလောက် စံချိန်မီမီ ထုတ်လုပ်စားသုံးစေသည့် စီမံချက်မှာ ခိုင်မာသည့် သန္နိဋ္ဌာန်၊ စနစ်ကျသည့် အကောင် အထည်ဖော်မှု၊ ထိရောက်သည့် ပံ့ပိုးမှုတို့ကြောင့် အလွန် အောင်မြင်သောစီမံချက်လုပ်ငန်းတစ်ခုဖြစ်နေပါပြီ။ ဤစီမံချက် ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့ လက်တွဲ၍အခြားဝန်ကြီးဌာနများ၏ ကူညီပံ့ပိုးမှု၊ ဆား လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရယူကာ အကောင်အထည်ဖော်ခဲ့ရာ ယခုဆိုလျှင် အိုင်အိုဒင်းဆား စားသုံးမှု ရာခိုင်နှုန်းသည် ၈၀ ရာခိုင်နှုန်းထိ ရောက်ရှိနေပြီ ဖြစ်ပါသည်။ အိုင်အိုဒင်းဆား စားသုံးမှုမြင့်မားလာသည်နှင့် အမျှ လည်ပင်းကြီးရောဂါ ဖြစ်ပွားမှုသည်လည်း တစ်စထက် တစ်စ လျော့နည်းလာသည်ကို တွေ့နေရပေသည်။

အာဟာရပြဿနာ ပူးပေါင်းအဖြေရှာ

အကယ်စင်စစ် အာဟာရပြဿနာသည် ကျန်းမာရေး ပြဿနာသက်သက် မဟုတ်ပါချေ။ လူမှုရေး ပြဿနာတစ်ခု ဟု ဆိုမှသာ ပို၍မှန်ကန်ပါမည်။ လူ့အဖွဲ့အစည်းတစ်ခု အတွင်း၌ အာဟာရချို့တဲ့မှု၊ အာဟာရ လွန်ကဲမှုတို့ ဖြစ်ပွား ခြင်းသည် ထိုလူ့အဖွဲ့အစည်း၏ စီးပွားရေး၊ လူမှုရေး အခြေအနေများအပေါ် အရင်းခံနေသည်ကို တွေ့မြင်နိုင်၏။ ကလေးများ၏ အာဟာရ အခြေအနေသည် မိခင်များ၏ ပညာရေးအခြေအနေနှင့် အာဟာရဗဟုသုတကြွယ်ဝမှု၊ ကလေးအား အစားအသောက် ကျွေးမွေးပုံဓလေ့နှင့် အမူ အကျင့်၊ ပတ်ဝန်းကျင် သန့်ရှင်းမှုအခြေအနေ၊ ရောဂါဘယ ဖြစ်ပွားမှုစသည့် နောက်ခံအကြောင်းရင်းများစွာအပေါ်တွင် တည်မှီနေသည်ကို တွေ့ရပါသည်။

ထို့ကြောင့်ပင် ကလေးသူငယ်များ၏ အာဟာရအခြေ အနေ မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီး ဌာနသည် အာဟာရလုပ်ငန်းများကို ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး လုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ မိခင်နှင့် ကလေး ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အာဟာရ အခြေအနေ မြှင့်တင်ရေး ကြိုးပမ်းရာ၌ ကျန်းမာရေးဝန်ကြီး ဌာနသည် အခြားဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်း ဆောင်ရွက်နေပါ၏။ အထူးသဖြင့် အစားအစာ ထုတ်လုပ် ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများတွင် တာဝန်ရှိကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း စသည့်ဌာနများနှင့် ရင်းနှီးစွာ လက်တွဲဆောင်ရွက်နေပေသည်။ အာဟာရပညာ၊ မှန်ကန်သည့် အာဟာရဗဟုသုတများ ပြန့်ပွားရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်သည့် ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့၏ အကူအညီကိုလည်း ရယူ ဆောင်ရွက်ရပါသည်။ ထို့အတူ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့်လည်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက် နေပါ သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့် အညီ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် ဒေသပြင်ပမှ အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းရင်း နှီးနှီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးညီလာခံများ၊ အာဟာရညီလာခံများတွင် တက်ကြွစွာ ပါဝင်ခဲ့ပြီး ညီလာခံများက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များအတိုင်း လက်တွေ့အကောင်အထည်ဖော် လျက်ရှိ၏။ ၁၉၉၀ ပြည့်နှစ် ကလေးသူငယ်များဆိုင်ရာ ကမ္ဘာ့ ထိပ်သီးညီလာခံ (World Summit for Children 1990)၊ ၁၉၉၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အာဟာရညီလာခံ (International Conference on Nutrition 1992)တို့မှ ချမှတ်ခဲ့သည့် ဗီတာမင်အေ ချို့တဲ့ပပျောက်ရေး၊ အိုင်အိုဒင်း ချို့တဲ့မှုပပျောက်ရေး ရည်မှန်းချက်များ အကောင်အထည် ပေါ်လာစေရန် ခိုင်မာသည့်သန္နိဋ္ဌာန်နှင့်အတူ ရေရှည် စီမံချက်များချမှတ်ပြီး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

လူထုအခြေပြု အာဟာရဖွံ့ဖြိုးရေး

အာဟာရအခြေအနေ မြှင့်တင်ရေးလုပ်ငန်းများကို နည်းမျိုးစုံကျင့်သုံး၍ အကောင်အထည်ဖော်ရာတွင် ပြည်သူ တို့ ကိုယ်တိုင်အသိရှိရှိ ပူးပေါင်းဆောင်ရွက်မှသာ ရေရှည် တည်တံ့နိုင်ကြောင်း အတွေ့အကြုံများ ရှိထားပြီးဖြစ်ပါ သည်။ ကလေးသူငယ်များကို အချိန်မှန် ကိုယ်အလေးချိန် မှတ်တမ်းတင်၍ အာဟာရပညာပေး စောင့်ရှောက်သည့် လုပ်ငန်း၊ အာဟာရကျွေးမွေး၍ စောင့်ရှောက်သည့်လုပ်ငန်း၊ ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးသည့်လုပ်ငန်းများမှာ ဒေသခံ လူထုကိုယ်တိုင် ပါဝင်ပူးပေါင်းဆောင်ရွက်မှုကြောင့် လွှမ်းခြုံမှု မြင့်မားလာပြီး ရေရှည်တည်တံ့နိုင်မည့် အလား အလာကောင်းများ ဖြစ်ထွန်းလာသည်ကို တွေ့မြင်နေရပြီ ဖြစ်ပါသည်။

အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်

၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ပြုလုပ်ခဲ့သည့် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးရက်သတ္တပတ် လှုပ်ရှားမှု များမှာ ဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှု၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း များ၏ ပံ့ပိုးမှုတို့နှင့်အတူ ပြည်သူတစ်ရပ်လုံး၏ တက်ကြွစွာ ပါဝင်မှုကို ရရှိခဲ့သည့်အတွက် ထူးခြားသည့်အောင်မြင်မှု များကို ရရှိခဲ့ပါသည်။ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ် လှုပ်ရှားမှုများအပြီးတွင် ပြည်သူလူထု အတွင်း၌ အိုင်အိုဒင်းချို့တဲ့မှု၏အန္တရာယ်၊ အိုင်အိုဒင်း စားသုံးခြင်း၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ မှန်ကန် သည့် ဗဟုသုတနှင့် မှန်ကန်သည့်အမူအကျင့်များ တိုးတက် ဖြစ်ထွန်းလာသည်ကို သုံးသပ်တွေ့ရှိခဲ့ပါသည်။ ယင်းအတွေ့ အကြုံများကို အခြေခံ၍ ယခုနှစ်တွင် ပိုမိုကျယ်ပြန့်သော အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းလုံး၌ ပြုလုပ်သွားမည် ဖြစ်ပါသည်။ အိုင်အိုဒင်း ဆား အရည်အသွေး စစ်ဆေးထိန်းသိမ်းခြင်း၊ ကလေးများ အား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်း နှင့်အတူ အာဟာရမျှတစွာ စားသုံးတတ်စေရန် ပညာပေး လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများ၊ အထူးသဖြင့် မိခင်များနှင့် ကလေးသူငယ်များ၏ အာဟာရအခြေအနေ မြှင့်တင်ရေး ကြိုးပမ်းချက်တစ်ရပ်ဖြစ်သည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများတွင် ပြည်သူများကလည်း တစ်တပ်တစ်အား ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။ ။

- **အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အတွင်း ခြောက်လမှ ငါးနှစ်အောက် ကလေးများကို ဗီတာမင်အေ ဆေးလုံး တိုက်ပါ၊**
- **ကိုယ်ဝန်ဆောင် အမျိုးသမီးများ သံဓာတ်ပါသော အားဆေး မှီဝဲပါ၊**
- **မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ၊**
- **အသက် အရွယ်အလိုက် အာဟာရ မျှတအောင် စားသောက်ပါ။ ။**

❐ စာမျက်နှာ(၆) ဆောင်းပါးမှအဆက်

"ကျွန်တော်သည် တရုတ်ဖြူဗိုလ်ချုပ် လီဝင်ဟန်၏ တရုတ်ဖြူ စစ်သားများနှင့် မိသားစုများစခန်းချနေရာသို့ ထိုင်းပုလိပ် ရဟတ်ယာဉ်တစ်စင်းဖြင့် ရောက်ရှိခဲ့သည်။ လီ၏စခန်းမှာ ဖန်းမြို့တောင်ဘက် မြန်မာနယ်စပ်အနီး တန်းငေါ့အရပ်ရှိ တောင်ထိပ်တစ်ခု၌ တည်ရှိသည်။ စခန်းချထားသော တောင်တစ်ခုလုံး တရုတ်ဖြူလက်နက်ကိုင်အစောင့်များ ထူထပ်စွာချထားသည်။ ခံတပ်ကြီး တစ်ခုကဲ့သို့ စီမံထားပြီး စစ်ဘုရင်ကြီးသဖွယ် အခိုင်အခံ့နေထိုင်သည်ကို တွေ့ရသည်။ လက်နက်ပစ္စည်းများမှာလည်းဗီယက်နမ်စစ်ပွဲပြန်များထံမှ ဝယ်ယူရရှိလိုက်သည်ဖြစ်၍ နောက်ဆုံးပေါ် ခေတ်မီလက်နက်များချည်း ဖြစ်နေသည်။"

အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့ စာပိုဒ်အထောက်အထားတွေကိုကြည့်ရင်း လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က တရုတ်အပါအဝင် အာရှဒေသကို ဘိန်းစားဓာတ်သွင်းဖို့ ဗြိတိသျှနယ်ချဲ့သမားတို့ အနောက်က ဘိန်းမျိုးစေ့တွေယူလာပြီး ရွှေတြိဂံ(အရှေ့တောင်အာရှ)၊ ရွှေလခြမ်း(တောင်အာရှ) ဒေသတွေမှာ ဘိန်းစိုက်ခိုင်းခဲ့တယ်။ အဲဒီဘိန်းနဲ့ လန်ဒန်ငွေတိုက်အတွင်း ဘိန်းဝင်ငွေတွေ မြစ်ရေစီးသလို စီးဝင်သွားခဲ့တယ်ဆိုတဲ့ သမိုင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ရွှေတြိဂံ (မြန်မာနယ်စပ်ဒေသ)အပါအဝင် အရှေ့တောင်အာရှမှာ အမေရိကန်က ကေအမ်တီ တရုတ်ဖြူတွေ ခေါ်သွင်းလာပြီး ဘိန်းလုပ်ငန်း ပြန်လည်ရှင်သန်ရုံမက အဆပေါင်းများစွာ ကြီးထွားအောင်လုပ်ခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ ကွင်းကွင်းကွက်ကွက်တွေ့ရမှာ ဖြစ်ပါတယ်။

ဒီကနေ့တော့ အဲဒီအင်္ဂလိပ်(ဗြိတိသျှ)နဲ့အမေရိကန်ပါးစပ်တွေက သူတော်စင်လေသံနဲ့ ရွှေတြိဂံက ဘိန်းအထွက်ဆုံး၊ မြန်မာက အဆိုးဆုံးနဲ့ ပြောနေကြပြန်ပါတယ်။ ဒါပေမယ့် ဒီစွပ်စွဲချက်တွေဟာ ဒီဒေသတွေကို သူတို့ တစ်ကျော့ပြန်လာစွက်ဖက်ဖို့ ထွင်လုံးတွေသာ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

လက်တွေ့မှာ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးပပျောက်ရေးထိရောက်ဆုံး၊ အောင်မြင်ဆုံး ဆောင်ရွက်နေတာ ကမ္ဘာကသိပါတယ်။ ကျွန်တော်တို့နိုင်ငံပိုင်နက် နယ်စပ်ဒေသတွေမှာ တရုတ်ဖြူသော၊ SURA သော ဘယ်လို ဘိန်းမှောင်ခိုဂိုဏ်းတွေကိုမှ မရှိအောင် တိုက်ထုတ်ထားတာပါ။ တရားဥပဒေတွင်း ဝင်ရောက်လာတဲ့ လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ကြောင့် နယ်မြေငြိမ်းချမ်းလာခဲ့တယ်။ ဒီတော့ မူးယစ်ဆေးဝါးပပျောက်ရေး ဖောက်ချလုပ်နိုင်တာပါပဲ။ ဒီတော့လည်း အောင်မြင်မှုတွေ ရလာတာပေါ့။ အစားထိုးသီးနှံစိုက်ပျိုးရေး၊ အစားထိုး ဖွံ့ဖြိုးရေးတွေကိုလည်း နိုင်ငံတော်အစိုးရနဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေ လက်တွဲဆောင်ရွက်နိုင်လို့ ရလဒ်ကောင်းတွေ တဖွဲဖွဲနဲ့ပါပဲ။ နယ်စပ်ဒေသဖွံ့ဖြိုးရေးကိုအစွမ်းကုန်ဆောင်ရွက်ပေးနိုင်တဲ့အတွက်လည်း ဘိန်းစိုက်ပျိုးခြင်းကို လိုလိုလားလား ရပ်ဆိုင်းလာနေကြတာ ဖြစ်ပါတယ်။

၁၉၈၈–၈၉ ခုနှစ်ကစပြီး ဆောင်ရွက်နိုင်ခဲ့တဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း အောင်မြင်မှုတွေက နည်းနည်းနောနောမှမဟုတ်တာ။ မြေလမ်း ၂၇၆၄ မိုင်၊ ကျောက်ခင်းလမ်း ၁၆၁၄ မိုင်၊ ကတ္တရာလမ်း ၂၃၀၂ မိုင် ဖောက်လုပ်ခဲ့ပြီး လမ်းဟောင်း ၂၉၆၅ မိုင်ကို အဆင့်မြှင့်ပြုပြင်ခဲ့တယ်။ တံတားကြီး ၄၂ စင်း၊ တံတားငယ် ၆၅၆ စင်း၊ ကြိုးတံတား ၁၆ စင်း ဖောက်ခဲ့၊ ဆောက်ခဲ့တယ်။ အဲဒီလုပ်ငန်းတွေအတွက် ကျပ်ငွေသန်းပေါင်း ၂၄၄၁၁ နိုင်ငံတော်က ကျခံသုံးစွဲခဲ့တယ်။ ကျန်းမာရေးမှာ ကျပ်ငွေသန်းပေါင်း ၁၄၄၇ အကုန်အကျခံပြီး ဆေးရုံ ၅၂ ရုံ၊ ဆေးပေးခန်း ၈၂ ခန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ ခု ဆောက်လုပ် ဖွင့်လှစ်ခဲ့တယ်။

နယ်စပ်ဒေသ ပညာရေးအတွက် ကျပ်ငွေသန်းပေါင်း ၃၂၂၁ ကျော် အကုန်ခံပြီး မူလတန်း ၆၂၇ ကျောင်း၊ အလယ်တန်း ၆၁ ကျောင်း၊ အထက်တန်းကျောင်း ၆၂ ကျောင်း ဖွင့်ပေးတဲ့အတွက် ယခုအခါ နယ်စပ်ကလေးတွေ မူလတန်းမှာ ၆၇၇၈၅ ဦး၊ အလယ်တန်းမှာ ၂၈၁၉၆ ဦး၊ အထက်တန်းမှာ ၅၅၃၄ ဦး စုစုပေါင်း ၁၀၁၅၁၅ ဦး ပညာသင်နေကြပြီး အသုံးလုံးသင်တန်း တက်ပြီးသူ ၃၁၈၇၉ ဦးရှိပါတယ်။ ကျပ်သန်းပေါင်း ၈၅၅ သန်း အကုန်ခံပြီး တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၁၉ ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု ပညာသင်တန်းကျောင်း ၁၃ ကျောင်း၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ခုဖွင့်ထားပါပြီ။

စွမ်းအင်ကဏ္ဍမှာ ကျပ်ငွေ ၈၉၇ သန်း အကုန်ခံပြီး နယ်စပ်မြို့ရှစ်မြို့မှာ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီး မီးစက် ၂၅ လုံး တပ်ဆင်ပေးထားလို့ မြို့၊ ရွာ ၁၈၆ ခု လျှပ်စစ်မီးလင်းနေပါပြီ။ ကျပ်ငွေသန်း ၁၂၁၅ အကုန်ခံပြီး စိုက်ပျိုးရေးရုံ ၃၁ ရုံ၊ စိုက်ပျိုးရေးစခန်း ၁၁၅ ခု၊ ဆည် ၄၀ တည်ဆောက်ပေးခဲ့တယ်။ နောက်ထပ်ဆည် ၁၇ ခု တည်ဆောက်ဖို့ တိုင်းတာပြီး ဖြစ်ပါတယ်။ တူးမြောင်း လေးခုနဲ့ ထွန်စက်စခန်း ၁၁ ခုလည်း ဆောင်ရွက်ပေးထားပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ ၁၉၈၉ ခုနှစ်ကနေ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့အထိ နိုင်ငံတော်က ခွင့်ပြုပေးခဲ့တဲ့ ရန်ပုံငွေကတော့ ကျပ်ငွေသန်းပေါင်း ၄၅၇၆၂ဒသမ ၈၇ သန်းနဲ့ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရှိပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုဟာ ပြည်ပက စွက်ဖက်မှု၊ ကျူးကျော်မှု၊ နှောင့်ယှက်မှုကို ရာစုနှစ်တွေနဲ့ချီပြီး ကြုံတွေ့ရင်ဆိုင်ခဲ့ရတယ်။ ဒီကနေ့လည်း ပိတ်ဟယ်၊ ဆို့ဟယ်နဲ့ နည်းမျိုးစုံသုံး နှောင့်ယှက်နေဆဲပါပဲ။ ဒါပေမယ့် ဒီကနေ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာတယ်။ မကြုံစဖူး ဖွံ့ဖြိုးတိုးတက် လာနေတယ်။ ဒါဟာ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကား ကြီးမားလို့ပါပဲ။ ရေမြေသယံဇာတလည်း ကြွယ်ဝတယ်။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်နိုင်ငံကိုယ် တည်ဆောက်နေရတာပါ။ အနှောင့်အယှက်မျိုးစုံကြားက တိုးတက်ပေါ်ထွန်းလာတဲ့ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုပါ။ ဝါသနာပါလို့ နှောင့်ယှက်တာ နှောင့်ယှက်ကြပါစေ။ ကျွန်တော်တို့ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်နေနေရုံပါပဲ ခင်ဗျာ။ ။

ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမတွင်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

စားသုံးသူ ပြည်သူများ၏လက်ဝယ်သို့ ပစ္စည်းများ ပြည့်ပြည့်ဝဝရောက်ရှိရေးတို့ကို ဆက်လက်ကြိုးပမ်း သွင်းကုန်အစားထိုးနိုင်သည့်အဆင့်မှ ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်အောင် ဆက်လက်ကြိုးဆ

❋ **ရှေ့ဖုံးမှ**

တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ရည်မှန်းချက်များပေါ် အကောင်အထည်ဖော်လျက်ရှိသည့် အစီအမံများ ၊ပုစွန်တိုးချဲ့မွေးမြူထုတ်လုပ်မှု၊ အထူးတိုးချဲ့ဆောင်ရွက်မည့် ငါးမွေးကန်ဧရိယာ၊ စပါး၊ ငါးတွဲဖက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ရေချို၊ရေငန်၊ ရေထွက်ပစ္စည်းပြည်ပ တင်ပို့နိုင်မှု၊ အအေးခန်းနှင့် ရေခဲစက်ရုံများ အခြေအနေ၊ ကြက်မွေးမြူရေး လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသ ကြက်၊ ဝက် မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ကျွဲ၊နွား၊ ကြက်၊ ဝက်ကာကွယ်ဆေး ထုတ်လုပ်မှုအခြေအနေ၊ နွားနောက် တိုးချဲ့မွေးမြူနိုင်ရန် စီစဉ်ဆောင်ရွက်မှုများ၊ပျားမွေးမြူရေးဌာန၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခြေအနေများနှင့် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ လုပ်ငန်းအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။

လက်တွေ့အောင်မြင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုကဲ့သို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ငါး၊ပုစွန်ကဏ္ဍ၊ အသားကဏ္ဍ တို့နှင့် စပ်လျဉ်းသည့် ရည်မှန်းချက်များဖြင့် လက်တွေ့အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှုများကို အသေးစိတ်လေ့လာသိရှိခွင့်ရရှိ၍ ကျေးဇူးတင်ရှိကြောင်း။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍများအနက် လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့်သတ္တုကဏ္ဍတို့သည် နိုင်ငံတော်အတွက် လိုအပ်နေသော နိုင်ငံခြားသုံးငွေရှာဖွေပေးနေသည့် ကဏ္ဍများဖြစ်ကြောင်း။

အထူးသဖြင့် လယ်ယာကဏ္ဍနှင့်သားငါးကဏ္ဍတို့သည် နိုင်ငံခြားသုံးငွေကို ရှာဖွေပေးသည့် ကဏ္ဍများဖြစ်သည့်အပြင် ပြည်သူများ၏ စားရေးအတွက် လိုအပ်ချက်များကို ထုတ်လုပ်ဖြည့်ဆည်းပေးနေသောကဏ္ဍများဖြစ်ကြောင်း။

ပိုမိုတိုးတက်ရန်လို

နိုင်ငံတော်၏ လက်ရှိလူဦးရေအတွက်သာမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ မကြောင့်မကြ လုံလုံလောက်လောက် စားသုံးနိုင်ရေးနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍတို့အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာရန် လိုအပ်ကြောင်း။

လယ်ယာကဏ္ဍနှင့်သားငါးကဏ္ဍမှရရှိသော ငွေကြေးအရင်းအနှီးများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အတွက် လိုအပ်နေသည့် စက်မှုလုပ်ငန်းများကို ထူထောင်သွားရမည်ဖြစ်ရာ ယင်းကဏ္ဍများဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးအောင် ဖိဖိစီးစီးလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍနှင့်သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ရန် မိမိတို့နိုင်ငံ၌ အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း။

အသေးစိတ်လမ်းညွှန်ထား

နိုင်ငံတော်အကြီးအကဲကလည်း ပုစွန်လုပ်ငန်းတစ်ခုတည်းမှာပင် ဒေါ်လာသန်း ၄၀၀ကျော် ၅၀၀ရရှိအောင် စီမံဆောင်ရွက်ရန်၊ ပုစွန်မွေးမြူသူ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုများပြားအောင် အားပေးဆောင်ရွက်ရန်၊ ငါး၊ ပုစွန်ဈေးကွက်တိုးချဲ့ ရရှိရေးအတွက် ကြံဆကြိုးစားထိုးဖောက် လုပ်ကိုင်ရန် အသေးစိတ် လမ်းညွှန်မှာကြားထားမှုများလည်း ရှိပြီးဖြစ်ကြောင်း။

ယင်းလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပုစွန်မွေးမြူရေးလုပ်ငန်း တိုးတက်ရေး၊ ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်း တိုးတက်ရေး၊ ဈေးကွက်က ကြိုက်နှစ်သက်သော အရည်အသွေးအဆင့်အတန်းရှိသည့် ရေထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရေးတို့နှင့်စပ်လျဉ်း၍ သိလိုသည်များကို ထပ်မံမေးမြန်းဆွေးနွေးမှာကြားသည်။

နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာန အ စည်း အ ဝေး ခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ် သည် များ ဆွေးနွေး မှာကြား စဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂)တို့သည် ညနေ ၃နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့ ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ကြိုဆိုသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက မိမိဝန်ကြီးဌာနအောက်၌ ဦးစီးဌာနနှစ်ခုနှင့် စက်မှုလုပ်ငန်းခြောက်ခု ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုနှင့် ဝန်ထမ်းခန့်ထားမှု အခြေအနေတို့ကို လည်းကောင်း၊ အခြားဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကများသို့ လွှဲပြောင်းပေးခဲ့သည့် စက်ရုံများ အခြေအနေ၊အသစ်ထပ်မံတည်ဆောက်ပြီးစီးသည့် စက်ရုံစီမံကိန်း ၄၇ခုနှင့် တည်ဆောက်ဆဲ စက်ရုံစီမံကိန်း ၂၀ခုတို့၏ အခြေအနေကိုလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အနှစ်(၃၀)စီမံကိန်းပါ စက်မှုဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် ယင်းရည်မှန်းချက်များကို အကောင်အထည်ဖော်သွားမည့် အစီအမံများကိုလည်းကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ လက်ရှိကုန်ထုတ်လုပ်မှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်မြင့်၊ မြန်မာဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးမြင့်ဦး၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးစိုးရီ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေတို့က လုပ်ငန်းဌာနအလိုက် စက်ရုံများတည်ရှိမှု၊ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်ထားမှု၊ ကုန်ထုတ်လုပ်နိုင်မှုနှင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းအမည်များ၊ ကုန်ကြမ်းစုဆောင်းထားရှိမှုများ၊ ဆက်လက်တည်ဆောက်ရန် စီမံထားရှိသည့်စက်ရုံများအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံကြည်က ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်က အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ စက်ရုံအလိုက် ကုန်ထုတ်လုပ်နိုင်မှုများ၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအပါအဝင် ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် ပြည်သူများ၏ လက်ငင်းလိုအပ်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ဖြည့်ဆည်းပေးနေသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကိုင်တွယ်စီမံနေသော ဝန်ကြီးဌာနဖြစ်ကြောင်း၊ မိမိထုတ်လုပ်သော ပစ္စည်းများကို ပြည်သူများ ကြိုက်နှစ်သက်သည်ထက် ပိုမိုလက်ခံကြိုက်နှစ်သက်လာအောင်၊ အရည်အသွေးအဆင့်အတန်း မြင့်မားသည်ထက် မြင့်မားလာအောင် အမြဲကြံစည်ကြိုးစားနေရကြောင်း။

ကူညီရန်အသင့်ရှိ

မိမိတို့အပိုင်းကလည်း နိုင်ငံတော်၏ စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံပိုင် စက်မှုကဏ္ဍတစ်ခုနှင့်တစ်ခုအကြား၊ နိုင်ငံပိုင် စက်မှုကဏ္ဍနှင့် ပုဂ္ဂလိကစက်မှုကဏ္ဍအကြား လိုအပ်သည်များကို လက်တွေ့ကျကျ ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုအပိုင်း၌ ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိလာအောင်၊ အမှန်တကယ် ကျယ်ကျယ်ပြန့်ပြန့် သွင်းကုန်အစားထိုးလာနိုင်အောင် ဆက်စပ်ညှိနှိုင်းပံ့ပိုးကူညီပေးသွားရန် မိမိတို့အဆင်သင့်ရှိကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးထားသော ရည်မှန်းချက်ငါးရပ်နှင့်အညီ လုပ်ငန်းများကို အောင်အောင်မြင်မြင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအရ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများ၏ လူသုံးကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်မှု အခြေအနေအရပ်ရပ်ကို အသေးစိတ်လေ့လာသိရှိခွင့်ရရှိကြောင်း။

ဆက်လက်ကြိုးပမ်းမည်

ပြည်သူများ၏ စားဝတ်နေရေးအတွက် လိုအပ်သော ကုန်ပစ္စည်းများအပြင် သက်ရှည်ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများကိုပါ ထုတ်လုပ်နေရခြင်းဖြစ်၍ နိုင်ငံတော်အကြီးအကဲ မိန့်မှာလမ်းညွှန်သည့်အတိုင်း ထုတ်ကုန်ပစ္စည်းများ အရည်အသွေး အဆင့်အတန်းမြင့်မားရေး၊ စားသုံးသူ ပြည်သူများ၏လက်ဝယ်သို့ ပစ္စည်းများ ပြည့်ပြည့်ဝဝရောက်ရှိရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ သွင်းကုန်အစားထိုးလုပ်ငန်းများအဖြစ် ပီပြင်စွာရောက်ရှိမည်ဖြစ်ကြောင်း။

ရှင်းလင်းမှာကြား

စက်မှုနိုင်ငံတော်ထူထောင်ရာ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အရေးကြီးသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေသူများဖြစ်ကြကြောင်း၊ ယခုထုတ်လုပ်နေသော အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်ပစ္စည်းများသည် အဆင့်အတန်းရှိနေပြီဖြစ်ရာ သွင်းကုန်အစားထိုးနိုင်သည့် အဆင့်မှပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်အောင် ဆက်လက်ကြံဆကြိုးပမ်းကြစေလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်းကိုကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့က ရခိုင်ပြည်နယ် ပုံနှိပ်တိုက်ခွဲ(စစ်တွေ)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)



✱ ကျေးလက်နှင့် မြို့ပြမှ

ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြု သင်တန်းကျောင်းမှ သင်တန်းသူများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့က ရခိုင်ပြည်နယ် ပုံနှိပ်တိုက်ခွဲ(စစ်တွေ) ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက အဖွင့် အမှာစကား ပြောကြားရာတွင် ယနေ့ သည် ရခိုင်ပြည်နယ်အတွက် အင် မတန် ထူးခြားမှတ်မြတ်သည့် နေ့ထူး နေ့မြတ်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် မှာ ရှိကြသည့် တိုင်းရင်းသားပြည်သူ များအနေနှင့် နှစ်ပေါင်းများစွာ လေယာဉ်ခရီးစဉ်ရှိ ရက်များကို စောင့် ဆိုင်းပြီး သတင်းစာကို ဖတ်နေရာ ကနေ ယနေ့ဆိုလျှင် ရန်ကုန်၊ မန္တလေးမြို့ကြီးကဲ့သို့ သတင်းစာကို နေ့စဉ် ဖတ်ရှုရတော့မှာဖြစ်ကြောင်း၊

ယနေ့ နိုင်ငံတော်အနေနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေ သည့် အချိန်တွင် နိုင်ငံတော်၏ လုပ်ဆောင်ချက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနေရန်သည် အရေးကြီးကြောင်း၊ ထိုသို့ သိရှိရန် အတွက် ပြန်ကြားရေးဝန်ကြီးဌာန ကနေပြီး ရုပ်မြင်သံကြားများ၊ ရေဒီယို များကနေ ထုတ်လွှင့်ပြသနေသည့် အပြင် သတင်းစာများကနေပြီးတော့ လည်း ရေးသားထုတ်ဝေရကြောင်း၊ ထို့ကြောင့် သတင်းစာကို နေ့စဉ် ဖတ်ရှုရသည့်အတွက် နိုင်ငံတော်၏ အခြေအနေမှန်များကို သိရှိရမှာ ဖြစ်သည့်အတွက် ယနေ့သည် ထူးခြား သည့်နေ့ဟု ပြောရခြင်းဖြစ်ကြောင်း။

ယနေ့မျက်မှောက်ခေတ် ဖွံ့ဖြိုး တိုးတက်လာသည့် ဆက်သွယ်ရေး ခေတ်လွန် နည်းပညာရပ်များကြောင့် သတင်းဆက်သွယ်မှုသည် တစ်နေ့ ထက်တစ်နေ့ မြန်ဆန်လာခဲ့ကြောင်း၊ ကွန်ပျူတာ e-Mail, Internet စသည့် ခေတ်ပစ္စည်းများနှင့် သတင်း အချက်အလက်များကို တစ်နေရာက နေ တစ်နေရာ လျင်မြန်စွာ ပေးပို့နိုင် ခဲ့သော်လည်း လူအများနှင့် သက်ဆိုင် သည့် သတင်း အချက်အလက်များ ကတော့ အရင်အတိုင်းပဲ ဆက်လက် တည်တံ့နေဆဲဖြစ်ကြောင်း။

သတ္တမမြောက်

ထို့ကြောင့် ပြန်ကြားရေးဝန်ကြီး ဌာန၏ လုပ်ငန်းတာဝန်အနေနှင့် ထက်မြက်သွက်လက်သည့် မီဒီယာ လုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မိန့်ကြားချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနက အနီးကပ် ကြီးကြပ်ပြီး ယခုဆိုလျှင် မန္တလေးမြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ကျိုင်းတုံ မြို့၊ ကလေးမြို့၊ မြစ်ကြီးနားမြို့များ၌ ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ် ပြီးနောက် ယခု စစ်တွေမြို့နှင့်ဆိုလျှင် သတ္တမအကြိမ်မြောက်ဖြစ်ကြောင်း။

ယခုလို နိုင်ငံတော်အကြီးအကဲ များက စေတနာထားဆောင်ရွက်နေမှု၊ ခေတ်မီဖွံ့ဖြိုး တိုးတက်လာသော နိုင်ငံတော်သစ်ကြီး တည်ဆောက်နေမှု များ၊ တိုးတက်နေမှုများနှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးတွင် ယခုလို ကျေးလက်နှင့်မြို့ပြ သတင်း ဆက်သွယ်မှု ပိုမိုကောင်းမွန်လာခဲ့ပြီး ဖြစ်သည့်အတွက် ရခိုင်ပြည်နယ် အတွင်း၌ရှိသည့် မြို့နယ်ကျေးရွာ များအထိ နေ့စဉ် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ ဖတ်ရှုနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက် နေ ပြည်သူများ၏ စီးပွားရေး၊ လူမှု ရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုး တိုးတက်မှုများကို များစွာအထောက် အကူပြုလျက်ရှိရာ လက်တွေ့ခံစား ကြရတော့မှာဖြစ်ကြောင်း။

ယခုလို ရခိုင်ပြည်နယ်ကြီး ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးနေ သည့် နိုင်ငံတော်အကြီးအကဲများကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနေ ဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ နေထိုင် ကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူ များအားလုံးကိုယ်စား ကျေးဇူးအထူး တင်ရှိပါကြောင်း ပြောကြားရင်း နိဂုံး ချုပ်လိုက်ကြောင်းစသဖြင့် ပြောကြား သွားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက အမှာစကား ပြောကြား သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန် ကြားရေးမှူး ဦးမြင့်သိန်းက ပုံနှိပ် တိုက်ခွဲတွင် ကိုယ်ပွားသတင်းစာများ ပုံနှိပ်ဖြန့်ချိမည့်အကြောင်းကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒေသခံပြည်သူများ ကိုယ်စား ဦးထွန်းဝင်းက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီး နှင့် ဧည့်သည်တော်များသည် ပုံနှိပ် တိုက်အတွင်း လှည့်လည်ကြည့်ရှုကြ သည်။ စစ်တွေမြို့တွင် ကိုယ်ပွား သတင်းစာတိုက် ဖွင့်လှစ်နိုင်ခြင်း ကြောင့် စစ်တွေမြို့နှင့် ရခိုင်ပြည်နယ် အတွင်းမှ မြို့နယ်ကျေးရွာများသို့ သတင်းစာ နေ့ချင်းရောက်ရှိပြီး ပြည်သူများ သတင်းစာနေ့ချင်း ဖတ်ရှု နိုင်တော့မည်ဖြစ်သည်။

ယခု ဖွင့်လှစ်လိုက်သော စစ်တွေ ကိုယ်ပွား သတင်းစာတိုက် အပါအဝင် ပြည်နယ်နှင့် တိုင်းများ၌ မန္တလေး၊ မကွေး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ကလေးနှင့် မြစ်ကြီးနားမြို့တို့၌ ကိုယ်ပွားသတင်းစာတိုက် ခုနစ်တိုက် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

● တောင်ပုလုဆည်မှ

သို့သော် ဆည်ရေသောက်ဒေသ များသို့ ရေပေးရာတွင် နှစ်ပေါင်း ၃၀ ခန့်ကြာလာသော ၁၉၉၄ခုနှစ်တွင် ဆည်ရေသောက် ဒေသများသို့ ဆည်ရေများ အပြည့်အဝမပေးနိုင်ခြင်း ကြောင့် သက်ဆိုင်ရာ ဆည်မြောင်း ဌာနမှ ပြန်လည်လေ့လာတိုင်းတာ ကြည့်သောအခါ၌ ဧကပေ နှစ်သောင်း သိုလှောင်နိုင်ခြင်းမရှိဘဲ၊ ဧကပေ ရှစ်ထောင်သာ ရေသိုနိုင်သည်ကို တွေ့ရှိရသည်။

ရေအကူပေး

ယင်းသို့ ဖြစ်ပေါ်လာသည့် အခြေ အနေအရ တောင်ပုလုဆည်သို့ ရေ အကူပေးနိုင်ရန်အတွက် မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သင်ပုန်းချောင်းပေါ်တွင် ရေဆင်းဧရိယာ ၅၇ စတုရန်းမိုင်ရှိ သော မြေသားတမံကို တည်ဆောက် ပြီး တောင်ပုလုဆည်သို့ ရေအကူပေး နိုင်ရန် ဆောင်ရွက်ခဲ့သည်။

သင်ပုန်းရေလှောင်တမံမှာ တမံ အလျားပေ ၅၆၅၀ ပေရှိပြီး တမံ အမြင့်သည် ၆၅ ပေရှိသော ရေလှောင် တမံဖြစ်သည်။ တောင်ပုလုဆည်သို့ ရေကူပေးမည့် သင်ပုန်းရေလှောင် တမံကို ၂၀၀၂ခုနှစ် နိုဝင်ဘာလမှ စတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အချင်းသုံးပေရှိ သံကူကွန်ကရစ်ပိုက် နှစ်လုံးဖြင့် ရေထုတ်ပြွန် ရေတံခါးမှ တပ်ဆင့် လိုသလောက် ရေကို တောင်ပုလုဆည်သို့ ရေလွှတ်ပေးမည် ဖြစ်သည်။

အပြည့်အဝပေးနိုင်မည်

သင်ပုန်းတမံ တည်ဆောက်ခြင်း ဖြင့် ရေလျှံနှစ်တွင် လျှံကျနေသည့် ရေဧကပေ ၁၅၀၀၀ခန့်ကို အပြည့်အဝ သိုလှောင်နိုင်ပြီး တောင်ပုလုရေလှောင် တမံ၏ ရေသောက်ဧရိယာအတွင်းရှိ ရေသောက်ဧရိယာ ၇၆၃၆ ဧကသို့ ရေအပြည့်အဝ ပေးသွင်းမည့်အပြင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ အောင် မြင်လာနိုင်မည်ဖြစ်သည်။

ဆည်မြောင်းဦးစီးဌာန အနေဖြင့် ဆည်မြောင်းတာတမံများ တည် ဆောက်ရာတွင် ရေလှောင်ဧရိယာနှင့် လွတ်ကင်းလျက်ရှိသော မြေများ၌ အရိပ်ရအပင်များကိုပါ စိုက်ပျိုးပေး လျက်ရှိသည့်အလျောက် ဆည်မြောင်း ရေလှောင်တမံဒေသတွင် စိမ်းလန်း စိုပြည်လျက် မြေဆီလွှာခန်းခြောက် ခြင်းကိုလည်း ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင် မြို့နယ်တွင် တည်ဆောက်လျက်ရှိ သော သင်ပုန်းရေလှောင်တမံသည် ဒေသ စိမ်းလန်းစိုပြည်ရေးသာမက ရေဝင်အား လျော့နည်းနေသော တောင်ပုလုဆည်သို့ ရေကူပေးခြင်း ကြောင့် တောင်ပုလုဆည်သည် နောင် လာမည့် နှစ်ပေါင်း ၈၀ခန့် ဆက်လက် တည်ရှိနိုင်မည်ဖြစ်ပြီး သင်ပုန်း ရေလှောင်တမံကို ဆည်မြောင်း တာတမံအနေဖြင့် ၁၅၁ခုမြောက် အဖြစ် မကြာမီဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သတင်းကောင်းပါးလိုက် ရပါသည်။ ။ (ကြေးမုံ)

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းရှိ သင်ပုန်းချောင်း ပေါ်၌ တည်ဆောက်ထားသော သင်ပုန်းရေလှောင်တမံတွင် ရေထိန်း မျှော်စင်နှင့် ရေထုတ်မြောင်းများ ဆောက်လုပ်နေသည်ကို ဇူလိုင် ၁၅ရက် က တွေ့ရစဉ်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

အီလက်ထရောနစ် စက်ပြုပြင်မှုသင်တန်းဖွင့်မ

ရန်ကုန် ဩဂုတ် ၂၈

စိတ်ပါဝင်စားသော လူငယ်များ အတွက် ဝါရင့်ကျွမ်းကျင်လက်ရွေးစင် အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာတွေ့၊ လက်တွေ့အသုံးချ လျှပ်စစ် သင်တန်း၊ အီလက်ထရောနစ်သင် တန်း (ရေဒီယို၊ ကက်ဆက်၊ အသံချဲ့ စက်၊ တီဗွီ၊ ဗီဒီယို)၊ Progamma-ble Logic Controls(P.L.C) ရေးဆွဲနည်း စာတွေ့ လက်တွေ့ သင်တန်းသစ်များကို ဖွင့်လှစ်မည် ဖြစ်ရာ စိတ်ပါဝင်စားသူများ Elite Engineering Group အမှတ် ၅၁ မြေညီထပ် ၃၈လမ်း (ကမ်းနား ဘလောက်) ရန်ကုန် ဖုန်း- ၀၁-၂၄၂၂၂၆သို့ ဆက်သွယ် စုံစမ်းနိုင် ကြောင်းသိရသည်။ (က-ပ)

အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၈

အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကား ပြောကို ကျွမ်းကျင်တတ်မြောက်စွာ ရေးသားပြောဆို လေ့လာသင်ယူလိုသူ များအတွက် Y.E.S Language Centre မှ လစဉ် ဖွင့်လှစ်လျက် ရှိသော B.S.E သင်တန်းများကို ဩဂုတ် ၃၀ရက်နှင့် စက်တင်ဘာ ၁ရက်၊ ၁၅ရက်၊ ၂၂ရက်နှင့် ၂၉ရက် များတွင် လည်းကောင်း၊ P.I.E သင်တန်းများကို စက်တင်ဘာ ၁၅ရက်နှင့် ၂၇ရက်များတွင်လည်း ကောင်း၊ Grammar Foundation Course နှင့် Vocabulary Enrich-ment Course ကို စက်တင်ဘာ ၂၂ရက်နှင့် ၂၉ရက်များတွင် လည်း ကောင်း ဆရာ ဦးမြင့်အောင် ကိုယ်တိုင် သင်ကြားသော SATI သင်တန်းနှင့် Academic Writing Course ကို စက်တင်ဘာ ၂၅ရက်နှင့် ၂၀ရက်တွင် လည်းကောင်း၊ AE/ SAT II, TOEFL နှင့် IELTS သင်တန်းများကိုလည်း ဖွင့်လှစ်လျက် ရှိရာ စိတ်ပါဝင်စားသူများသည် ဖုန်း- ၂၄၅၈၂၁သို့ ဆက်သွယ် စုံစမ်းနိုင် ကြောင်းသိရသည်။ (က-ပ)

မြန်မာမိသားစု စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၈

ချစ်စံဝင်း၊ လမင်းအိမ်တို့ မြန်မာ- အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသား သော မြန်မာမိသားစု စာအုပ်အား မြဝတီစာပေတိုက် အမှတ် (၇၅-ခ) ပြည်လမ်း စော်ဘွားကြီးကုန်း ရန်ကုန် မြို့က ထုတ်ဝေ၍ ပန်းမျိုးတစ်ရာစာပေ တိုက်(၉) အခန်း (၂၀၃-၂၀၄) ပုဇွန် တောင်ဥယျာဉ်အိမ်ရာ ပုဇွန်တောင် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၂၇၂ နှင့် ဖုန်း-၂၉၉၃၆၁တို့က ဖြန့်ချိလိုက် ကြောင်း သိရသည်။ **(ယာပုံ)** (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း၊

- ၇း၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈း၁၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈း၂၀ ၇။ ရွှေလောင်းတံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ English For Everyday Use.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း၊

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၀ ၄။ တေးဂီတအစီအစဉ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅း၀၅ ၆။ အတီးပြိုင်ပွဲ
- ၅း၁၅ ၇။ စမ်းချောင်းထဲကရေ **နေရောင်အောက်ကမီး (အပိုင်း-၁) (ခန့်စည်သူ၊ ပြေတီဦး၊ ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်၊ ခင်သန်းနွယ်)**

[ဒါရိုက်တာ-သက်တင်] (မွန်ဘာသာစကားဖြင့်)

- ၅း၃၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅း၄၀ ၉။ ၂၀၀၃ခုနှစ် ဇာတသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာ နိုင်ကြရန်ဓမ္မပူဇာတေး (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
- ၅း၅၅ ၁၀။ ကပ်တဲလ်ကြိုးတံတား
- ၆း၀၅ ၁၁။ တေးဂီတအစီအစဉ်
- ၆း၁၅ ၁၂။ Discovery.
- ၆း၃၀ ၁၃။ ညနေခင်းသတင်း
- ၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၅။ Milo Success In Soccer.
- ၇း၁၀ ၁၆။ ဝေဟင်တွင်လေယာဉ်စီး၍ ခရီးနှင်မည်မြေလတ်ဆီ
- ၇း၂၅ ၁၇။ နှောင်းခေတ်တေးပဒေသာ
- ၇း၄၀ ၁၈။ နိုင်ငံဖွံ့ဖြိုးပြည့်အကျိုး
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **ဒသမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) သုဝဏ္ဏသာမဇာတ်တော်ကြီး (တတိယဆု) (ရန်ကုန်တိုင်း-၁)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပွဲ (ဃ)အုပ်စု မြို့တော်စည်ပင်က စီးပွား/ ကူးသန်းကို အနိုင်ရ

သတင်းဆောင်းပါး၊-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲ အဖြစ် (ဃ)အုပ်စုမှ မြို့တော်စည်ပင်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မြို့တော်စည်ပင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင်အသင်း နှစ်ဂိုး။
(အောင်မြင့်အေး)
စီးပွား/ကူးသန်းအသင်း တစ်ဂိုး။
(ဘိုဘိုအောင်)
အကောင်းဆုံးဆု အောင်မြင့်အေး
(မြို့တော်စည်ပင်)။
ဒိုင်လူကြီး ဦးဝင်းဦး။

အခွင့်ကောင်းအသုံးချ

ပြိုင်ပွဲ၏ အုပ်စုအကျပ်ဆုံးဟုခေါ်ဆိုနိုင်သော အသင်းကြီးသုံးသင်း ပါဝင်သည့် (ဃ)အုပ်စုမှ ထိပ်သီးအသင်းများဖြစ်သော မြို့တော်စည်ပင်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့သည် အုပ်စုအဆင့် ကျော်လွှန်နိုင်ရေးအတွက် အဖိုးတန် သုံးမှတ်ရရှိရေး အပြိုင်ကြဲခဲ့ကြရာ မြို့တော်စည်ပင်အသင်းက ခြေကုန်ထုတ်ကစားကာ အခွင့်ကောင်းကို ပိုင်နိုင်စွာ အသုံးချနိုင်၍ ရာသီသစ်ကို နိုင်ပွဲဖြင့် ကြိုဆိုလိုက်နိုင်သည်။

နှစ်သင်းစလုံးတွင် မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားများ အမိမြေပေါ်မှာ ရွှေဆုဖြင့် အောင်ပွဲခံခဲ့သော (ယူ-၁၈)အသင်းမှ ကစားသမားများစသည်ဖြင့် ကစားသမား စုံစုံညီညီပါဝင်ခဲ့ကြသော်လည်း မြိုင်ဆိုင်ပြီး အကွက်စေ့ အတွဲမိလှသော ကစားကွက်များ နှစ်သင်းစလုံး ထုတ်မပြနိုင်ခဲ့သည်ကို တွေ့ရသည်။

ယခုမှအနိုင်ရ

မြို့တော်စည်ပင်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့သည် နှစ်အနည်းအငယ်အတွင်း ကမ္ဘောဇဖလားဖိတ်ခေါ်ပြိုင်ပွဲ၊ ဒုတိယအကြိမ် အားကစားဝန်ကြီးဖလားပြိုင်ပွဲ၊ ယမန်နှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲနှင့် ကွင်းပိတ်ပြိုင်ပွဲ၊ ဒုတိယအကြိမ် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌဖလားပြိုင်ပွဲ၊ ယခု ပြိုင်ပွဲစုစုပေါင်း ခြောက်ကြိမ် တွေ့ဆုံဖူးရာ စီးပွား/ကူးသန်းအသင်းက ငါးကြိမ်စလုံး အနိုင်ရပြီး မြို့တော်စည်ပင်အသင်းက ယခုအကြိမ်မှ အနိုင်ရရှိခြင်း ဖြစ်သည်။ မြို့တော်စည်ပင်အသင်းမှာ ယခုပွဲအနိုင်ရရှိခြင်းသည် အုပ်စုကျပ်ကို ကျော်လွှန်နိုင်ရန် အထောက်အကူပြုခဲ့သည်။

မြို့တော်စည်ပင်အသင်းတွင် ပဏာမလက်ရွေးစင်အသင်းမှ တင့်နိုင်ထွန်း၊ သိန်း၊ အောင်စိုးမိုး၊ သက်နိုင်စိုးတို့ အမာခံကစားသွားကြပြီး ဇော်ဇော်မှာ ပွဲအစပိုင်းသာ ကစားလိုက်ရပြီး ဒဏ်ရာရသွား၍ ထွက်သွားရသည်။ ယူ-၁၈ အသင်းမှ ဂိုးသမားထွန်းထွန်းလင်းလည်း အသင်း ဂိုးမပေးရရေးအတွက် အစွမ်းကုန် ကြိုးစားခဲ့သည်။ အောင်ဇော်မျိုးမှာလည်း အလယ်တန်းတွင်ပါဝင်ကစားခဲ့သည်။ ယူ-၁၆ အသင်းမှ မျက်နှာသစ်ကစားသမား အောင်မြင့်အေးမှာ မိခင်ကလပ်အတွက် အဖိုးတန်ဂိုးများ သွင်းပေးနိုင်ခဲ့သည်။ ထို့ပြင် လျှပ်စစ်စွမ်းအားအသင်းမှ ခေါ်ယူ အားဖြည့်ထားသော မင်းသူစန်း၊ တကျော့ပြန်မောင်မောင်ဌေး၊ ယူ-၁၆ အသင်းမှ ညီညီဇော်တို့ ပါဝင်ကစားခဲ့ကြသည်။

မမျှော်လင့်ဘဲရှုံး

ယမန်နှစ် ကွင်းဖွင့်ပြိုင်ပွဲတွင် အုပ်စုအဆင့်မကျော်လွှန်ခဲ့သော စီးပွား/ကူးသန်းအသင်းမှာ ယခု ပွဲဦးထွက်ပွဲတွင် အရေးနိမ့်လိုက်ပြန်၍ အုပ်စုကျပ်ကို ကျော်လွှန်ရန် အခက်တွေ့နေပြီဖြစ်သည်။ စီးပွား/ကူးသန်းအသင်းတွင် ပဏာမလက်ရွေးစင်အသင်းမှ မင်းသူ၊ ဇော်လင်းထွန်း၊ ကျော်ကျော်ဝင်း၊ တင်မင်းထွန်း၊ ယူ-၁၈မှ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ မာလ၊ ကျော်ဇင်ဝင်း၊ စိုးပိုင်ဖြိုး(ဂိုး)တို့ ပါဝင်ကစားသွားကြသော်လည်း မမျှော်လင့်သော အရှုံးဖြင့် ကြုံတွေ့လိုက်ရခြင်း ဖြစ်သည်။

တစ်ခဲနက်အားပေး

စီးပွား/ကူးသန်းအသင်းကို အားပေးကြသော ဌာနဆိုင်ရာ ဝန်ထမ်းများကလည်း လူအင်အား၊ အိုးစည်ဒိုးပတ်များဖြင့် ပွဲမစခင်မှစ၍ တစ်ခဲနက်အားပေးခဲ့ကြရာ အောင်ဆန်းကွင်းဘက်ဆီမှာ အိုးစည်ဒိုးပတ်သံတို့ဖြင့် ပွဲတင်ခဲ့ကြသည်။ ပထမပိုင်းတွင် မုတ်သုန်မိုးဖွဲဖွဲအောက်မှာ ကစားခဲ့ရသောကြောင့် မမောမပန်း ကစားနိုင်သော်လည်း နှစ်သင်းစလုံး ကွင်းလယ်ကို မစီးထားနိုင်ကြ၍ တိုက်စစ်အသွင် မပီပြင်ဖြစ်နေကြသည်။ စီးပွား/ကူးသန်းတွင် မာလနှင့် ထွန်းစိုးနိုင်တို့ အတွဲမမိဖြစ်နေပြီး အလယ်တန်းမှ ဖန်တီးပေးမှုများမှာလည်း လွဲချော်နေခဲ့ကြသည်။

လူစားလဲခဲ့ရ

မြို့တော်စည်ပင်အသင်းတွင် အောင်ထွေးမောင် ဒဏ်ရာကြောင့် မပါဝင်၍ ဇော်ဇော်တစ်ယောက်တည်း ပြေးပြေးလွှားလွှား ထိုးဖောက်နေ၍ တိုက်စစ်မထိရောက်ဖြစ်နေသည်။ ၁၁မိနစ်တွင် မျိုးမင်းထွန်း ဘယ်ကြောမှ ဂိုးရှေ့သို့ အသာ မပေးရာ ဘိုဘိုအောင်က မြေမကျ ပြေးဝင်ပိတ်လိုက်၍ စီးပွား/ကူးသန်း ဂိုးစရခဲ့သည်။စီးပွား/ကူးသန်းတို့ ဂိုးရရှိလိုက်ချိန်တွင် စီးပွား/ကူးသန်း၏ အိုးစည်ဒိုးပတ်သံကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာပြီး အောင်ဆန်းကွင်းကြီးကိုပင် ဖုံးလွှမ်းခဲ့သယောင်ရှိခဲ့သည်။ ဂိုးပေးလိုက်ရ၍ မြို့တော်စည်ပင်ချေပဂိုးရရှိရန် ပို၍အားထည့်ကစားလာသည်။ ၁၅မိနစ်တွင် စည်ပင်တိုက်စစ်မှူးဇော်ဇော်နှင့် စီးပွား/ကူးသန်းအသင်း နောက်ခံလူ ဇော်လင်းထွန်းတို့ အပြိုင်ခေါင်းခုန်တိုက်ရာ ဇော်ဇော်မှာ ခေါင်း၌ ဒဏ်ရာရသွားပြီး ဆရာဝန်များက ကစားခွင့် မပြုသည့်အတွက် အောင်မြင့်အေးနှင့် လူစားလဲခဲ့ရသည်။

ထို့နောက်ပိုင်းတွင် စီးပွား/ကူးသန်းအသင်းက အသာစီးမှ ကစားလာနိုင်သော်လည်း ဂိုးထပ်မသွင်းနိုင်၍ ပထမပိုင်းအပြီးတွင် စီးပွား/ကူးသန်းအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ချေပဂိုးရရှိ

ဒုတိယပိုင်းတွင် စည်ပင်အသင်းက စီးပွား/ကူးသန်းကစားကွက် ဖော်မရအောင် အတင်းဝင် အတင်းထွက်ဖြင့် ခပ်မြန်မြန်ကစားလာသည်။ ထို့ကြောင့် ကစားကွက်ပြန်မိလာသော စည်ပင်က နေရာစုံထောင့်စုံမှ ကြိုးစားလာခဲ့ရာ ၁၀မိနစ်တွင် ဝင်းဇာနည်ထွန်း ကန်တင်ပေးသော ဘောလုံးကို အောင်မြင့်အေးက ခေါင်းတိုက် သွင်းယူလိုက်၍ မြို့တော်စည်ပင် ချေပဂိုးပြန်လည်ရရှိသွားသည်။ သရေဖြစ်သွား၍ စီးပွား/ကူးသန်းတို့ တိုက်စစ်အားမြှင့်တင်လာခဲ့ရာ စည်ပင်ဂိုးအနီး ဘောလုံးတွေ့ဝဲနေသော်လည်း ဒုတိယဂိုးအဖြစ် ပိုင်နိုင်စွာ အသုံးမချနိုင်ဖြစ်ခဲ့ရသည်။

တိုက်စစ်ဆင်ကစား

စည်ပင်အသင်းကလည်း ဘောလုံးရသည်နှင့် တိုက်စစ်ဆင်ကစားသည်။ ၂၈မိနစ်တွင် စီးပွား/ကူးသန်းအသင်းခေါင်းဆောင် မင်းသူ လူပေးမှားရာ သက်နိုင်စိုးရသွားပြီး အသင့်အနေအထားရှိနေသော အောင်မြင့်အေးထံပေးရာ အောင်မြင့်အေး တစ်ချက်ထိန်းပြီး ဂိုးသမား စိုးပိုင်ဖြိုး ပိတ်ထားသော ထောင့်ကျဉ်းထဲသို့ ကန်သွင်းကာ စည်ပင်အတွက် အနိုင်ဂိုး သွင်းယူလိုက်သည်။ စည်ပင်သားတို့ ပျော်မြူးနေ၍ အထူးတန်းရှိ စီးပွား/ကူးသန်း ပရိသတ်၏ အိုးစည်ဗုံမောင်းအသံများ ငြိမ်သက်သွားပြန်သည်။ စီးပွား/ကူးသန်းတို့ တိုက်စစ်အား ပြန်တင်လာသော်လည်း အချိန်မမီတော့ချေ။ စည်ပင်က ခံစစ်ကို အထူးလုံအောင် ကာကွယ်သွားနိုင်၍ ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ပွဲဦးထွက်၏ အဖိုးတန်သုံးမှတ် စတင်ရယူသွားခဲ့သည်။ စီးပွား/ကူးသန်းအသင်းမှာ ရှုံးပွဲနှင့် စတင်မိတ်ဆက်လိုက်၍ နောက်နှစ်ပွဲတွင် ရှိသမျှ အစွမ်းကုန် ထုတ်ကစားရမည့် အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။

အလားအလာကောင်း

ပွဲအပြီးတွင် မြို့တော်စည်ပင် အသင်းအား ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။ အသင်းနည်းပြချုပ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးသန်းစိုး(ခ) ဆပ်သီးက "ယမန်နှစ် ကွင်းပိတ်ပြိုင်ပွဲအပြီး တစ်ပတ်နားပြီး ဆက်တိုက်လေ့ကျင့်ခဲ့ကြောင်း၊ လူသစ်ငါးဦးသာ ထပ်ဖြည့်ထားပြီး လူဟောင်းအများစုပါဝင်ကြောင်း၊ ယနေ့ပွဲ ပထမပိုင်းမှာ ကလေးတွေ စိုးရိမ်စိတ်များနေ၍ ကောင်းကောင်း မကစားနိုင်ခဲ့ကြောင်း၊ ဒုတိယပိုင်းမှာ ကလေးတွေကို တစ်ဂိုးရှုံးနေပေမယ့် အနိုင်ရနိုင်သေးတယ်ဆိုပြီး အားပေးစကား ပြောကြားခဲ့ကြောင်း၊ သင်ပေးထားတဲ့ နည်းစနစ်တွေကို ပုံဖော်နိုင်အောင်လည်း ကလေးတွေကို သင်ကြားပြသပေးခဲ့ကြောင်း၊ သို့ဖြစ်၍ ဒုတိယပိုင်းတွင် ချေပဂိုးနှင့် အနိုင်ဂိုးရခဲ့ကြောင်း၊ ယခုပွဲနိုင်လိုက်၍ အုပ်စုတက်ရန် အလားအလာကောင်းသွားကြောင်း၊ နောက်ပွဲများကို ဆက်လက်အနိုင်ကစားကာ အောင်မြင်မှု ပန်းတိုင်ဆီသို့ အရောက်လှမ်းသွားမည်ဖြစ်ကြောင်း"ပြောကြားသွားသည်။

အစွမ်းကုန်ကြိုးစားမည်

ဆက်လက်၍ ကြေးမုံက စီးပွား/ကူးသန်းအသင်းအား ယနေ့ပွဲအပေါ် အခြေအနေ သုံးသပ်ချက်ကို ဘောလုံးဝါသနာရှင်များသိရှိရန် မေးမြန်းရာ အသင်း လက်ထောက်အုပ်ချုပ်သူ ဦးမြင့်သိန်းက "အသင်းကို သကြၤန်တွင် ခဏသာအနားပေးပြီး ဆက်တိုက်လေ့ကျင့်ခဲ့ကြောင်း၊ (ခ)အသင်းမှ ကစားသမားအနည်းငယ်ကိုသာခေါ်ယူထားပြီး ယခင်လူဟောင်းတွေသာ အများစုပါဝင်ကြောင်း၊ မိမိတို့အသင်းမှာ တစ်ဂိုးနိုင်နေ၍ ဒုတိယပိုင်းတွင် ကစားအားအနည်းငယ်လျော့ကျသွားပြီး တစ်ဖက်အသင်းက တိုက်စစ်အားတင်လာချိန် အချိန်ကိုက်ဖြစ်သွား၍ ဂိုးများပေးလိုက်ရပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ မြို့တော်စည်ပင် အသင်းဟာလည်း လက်ရွေးစင်၊ လူငယ်လက်ရွေးစင်များ ပါဝင်တာကြောင့် အသင်းကောင်း တစ်သင်းဖြစ်ကြောင်း၊ ၎င်းတို့အခွင့်အရေးပိုင်နိုင်စွာ အသုံးချတတ်ခြင်းကြောင့် မိမိတို့အသင်းအရှုံးတွေ့စေခဲ့ကြောင်း၊မိမိတို့အသင်း အမာခံကစားသမားများ လက်ရွေးစင်အသင်း အသီးသီးတွင် လေ့ကျင့်နေကြ၍ မိမိတို့ လေ့ကျင့်ခန်း မဆင်းနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုပွဲမှာ သူတို့ရဲ့ ကစားဟန်ကို ချက်ချင်းပြောင်းလိုက်၍မရခဲ့ကြောင်း၊ ထို့အတွက် အသင်း၏ ကစားကွက်နှင့်အံချော်မှုများရှိကြောင်း၊ အုပ်စုတက်ရန် နောက်နှစ်ပွဲကို အစွမ်းကုန် ကြိုးစားရမည်ဖြစ်ကြောင်း" ပြောကြား သွားခဲ့သည်။

ယနေ့ပွဲ
ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
ဘဏ္ဍာ/အခွန် နှင့် သတ္တုတွင်း။
(ကြေးမုံ)



ပွဲစဉ်အလိုက် အကောင်းဆုံးဆုရ အောင်မြင့်အေး (မြို့တော်စည်ပင်)။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

ဓမ္မဒူတ အရှင်ဆေကိန္ဒ တရားပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

တောင်စွန်း ဓမ္မဒူတဆရာတော်ကြီး၏တပည့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပဋိပတ္တိမဟာဌာန ကထိကဆရာတော် ဓမ္မဒူတ အရှင် ဆေကိန္ဒအရှင်သူမြတ်သည် ဩဂုတ် ၃၀ရက်ညတွင် စစ်ကိုင်းမြို့ နန္ဒဝန်ကွက်သစ်ရပ်၊ မဟာသန္တိသုခ ဓမ္မဗိမာန်၌လည်းကောင်း၊ ၃၁ရက်ညတွင် စစ်ကိုင်း သောတာပန်ရပ် လေးကျွန်းမာန်အောင်ဘုရား၌ လည်းကောင်း၊ စက်တင်ဘာ၁ရက် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့ မွဲ့ရှင်တော်ကျိုက်ပေါလောဘုရား၌ လည်းကောင်း၊ စက်တင်ဘာ ၃ရက် ညတွင် အလုံမြို့နယ် ဇေတနာရာမ ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မင်းကွန်းဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက် နှစ်ထပ်စာသင်သားဆောင်သစ် ဆောက်လုပ်မည်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမ ကုန်းတလပေါင် စံပြကျေးရွာရှိ မင်းကွန်းဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်၌ တောင်ဥက္ကလာပမြို့နယ်(၁၀)ရပ်ကွက် ဓမ္မရာဇာ(၂)လမ်း အမှတ်(၆၁)နေ (ဦးကောက်)-ဒေါ်ခင်မေတို့အား အမှူးထား၍ သားသမီး၊ မြေးမိသားစုတို့က အလှူငွေကျပ် ၃၅ သိန်းမတည်၍ နှစ်ထပ်စာသင်သားဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုပါက ကျောင်းတိုက်ဆရာတော် ဖုန်း-၀၉ ၅၀၀၆၀၆၈၊ ကိုအန်းကူ-မရီရီအေး ဖုန်း-၀၉ ၅၀၀၃၂၉၅၊၅၇၈၇၄၀၊ ဦးမြင့်ဆွေ-ဒေါ်ခင်မြင့် ဖုန်း-၆၉၉၅၄၂၊ ၂၂၈၅၉၁၊ ၀၉ ၅၀၀၁၃၆၈၊ ဦးအုန်းဟန်-ဒေါ်အုန်းကြည်-ညီမ ဒေါ်ခင်ညိုဖုန်း-၀၄၄-၇၀၀၆၈ (ဓနုဖြူ) နှင့် ကိုသက်ထွေး-မဖြူဖြူ ဖုန်း-၀၉-၈၀၃၃၇၈၂၊ ၀၁-၇၂၀၃၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်ဘာသာ သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၈

Forward Language Centre တွင် ဆရာမ ဒေါ်ညွန့်ညွန့်ဝင်း B.A (English) M.Phil, M.A က တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်လိုသူများအတွက် အရေး၊ အကြား၊ အပြော၊ အဖတ် General English Proficiency Courses များကို ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

စိတ်ပါဝင်လိုသူများ Forward Language Centre အမှတ် (၈၃၃) ပထမထပ် မဟာဗန္ဓုလလမ်းနှင့် (၉) လမ်းထောင့် လမ်းမတော်မြို့နယ် ဖုန်း-၂၂၇၀၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ခုနှစ်၊ ဩဂုတ်လအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၃၁-၈-၂၀၀၃ရက်
၂၀၀၃ ခုနှစ်၊ စက်တင်ဘာလအတွက်
(၁၄-၉-၂၀၀၃)ရက်နေ့ နှင့်
(၂၈-၉-၂၀၀၃)ရက်နေ့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန် ဂီတသံ
- **၄:၂၀** ၄။ နားဝင်ငြိမ့်စီး သီချင်းကြီး
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၅** ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၅:၀၅** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(သမိုင်း) (ခ)ဒုတိယနှစ် (ဒဿနိကဗေဒ)
- **၅:၃၅** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း-၁၀)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း-၄)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ရခိုင်ပြည်နယ်၌ ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးဦးမြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၆ရက် မွန်းလွဲ ၁နာရီက ကျောက်တော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်ပြန်ကြားရေးလုပ်ငန်းများကို ယခုထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ရေး၊ ကျေးရွာတိုင်းသို့ မီဒီယာလုပ်ငန်းများရောက်ရှိရေး၊ ကျေးရွာတိုင်းသို့ တစ်နှစ်တစ်ခေါက်တာဝန်ရှိသူများကိုယ်တိုင် အောက်ခြေထိရောက်အောင် ကွင်းဆင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄နာရီခွဲတွင် မြောက်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စာကြည့်တိုက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ကျေးရွာများအထိ နေ့စဉ်ထုတ်သတင်းစာများ ရောက်ရှိရေး၊ မြို့နှင့်အလှမ်းကွာဝေးသည့် ကျေးလက်နေပြည်သူများ အသိအမြင်၊ ဗဟုသုတကြွယ်ဝရေးတို့ကို ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ ပြန်ကြားပေးရန် မိမိတို့ ဝန်ကြီးဌာနမှ ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပြည်သူများ အပန်းဖြေနားနေရင်းပညာဗဟုသုတယူရာ ဌာနအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကိုဖန်တီးပေးကြရန် ဆွေးနွေးမှာကြားသွားသည်။

(သတင်းစဉ်)

ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ သရုပ်ပြရှင်းလင်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

Cystem Computer အရောင်းဌာန၊ Big Camera Ltd နှင့် Client Focus Technology Groupကုမ္ပဏီတို့ ပူးပေါင်း၍ ကျင်းပမည့် Computer နှင့် အပိုပစ္စည်းအမျိုးမျိုး၊ Digital Cameraအမျိုးမျိုးနှင့် Photo Printer များ တွဲဖက်ပြီး ယနေ့အင်တာနက်ခေတ်တွင် ပညာရေး၊ စီးပွားရေးနှင့် လုပ်ငန်းခွင်နယ်ပယ်များတွင် မြန်ဆန်လွယ်ကူအောင် အသုံးပြုပုံ အမျိုးမျိုးနှင့် လက်တွေ့သရုပ်ပြရှင်းလင်းပွဲကို ဒဂုံစင်တာပထမထပ် မြေနီကုန်းတွင် ဩဂုတ် ၃၀ ရက် (စနေနေ့) နှင့် ၃၁ ရက် (တနင်္ဂနွေနေ့)တို့၌ နံနက် ၉ နာရီမှ ည ၉နာရီအထိ ကျင်းပမည်ဖြစ်သည်။ ၎င်းနေ့ရက်များတွင် လေ့လာသူများ လက်တွေ့ ဝင်ရောက်စမ်းသပ်နိုင်မည့်အပြင် သရုပ်ပြပွဲကာလအတွင်း ဝယ်ယူအားပေးသူများအတွက် Cystem Computer နှင့် အပိုပစ္စည်းများ၊ Nikon Digital Camera များ၊ Epson Photo Printer များကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၂၄၉၁၇၀၊ ဖုန်း-၂၄၆၅၁၃၊ ဖုန်း-၂၉၆၀၄၈ နှင့် ဖုန်း-၂၄၉၃၄၄-၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

တောင်ငူမြို့ ရွှေမင်းဝင် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၈

တောင်ငူမြို့ ရွှေမင်းဝင်တရားစခန်းကို ယခုနှစ် စက်တင်ဘာ၁ရမှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖုန်း-၀၅၄-၂၁၇၀၇၊ ဖုန်း-၂၁၆၃၆နှင့် ဖုန်း-၀၅၄-၂၁၅၅၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဖြစ်ရပ်ဆန်းများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၈

ဩကာသစာပေ (၄၇) ၁၀၈လမ်း မင်္ဂလာတောင်ညွန့်က ထုတ်ဝေ၍ ရွှေနန်းမှန်ကူစာအုပ်တိုက် ဖုန်း-၂၄၅၀၂၄က ဖြန့်ချိသည့် ဟိန်းလတ်ရေးသားသော "သိပ္ပံဖြင့်ရှင်းပြ၍ မရနိုင်သောဖြစ်ရပ်ဆန်းများ" စာအုပ် **(အပေါ်ပုံ)**ကို ရောင်းဈေးကျပ် ၅၀၀ဖြင့် ဖြန့်ချိထားသည်။ စိတ်နယ်လွန်ပညာ၊ စိတ်တန်ခိုး၊ ပုဏ္ဏကတိုက်ခြင်း၊ တတိယမျက်လုံး၊ ဆဋ္ဌမအာရုံစသည့်အကြောင်းအရာများ ပါဝင်သည့်စာအုပ်ဖြစ်သည်။

(က-ပ)

အာစင်နယ်နှင့်မန်ယူနိုင်ပွဲဆက် ဂိုးအသာအရ အာစင်နယ်ထိပ်ဆုံးရောက်

လန်ဒန် ဩဂုတ် ၂၈

အင်္ဂလိပ် ပရီမီယာလိဂ် ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့က ဆက်လက်ကျင်းပရာ အာစင်နယ်အသင်းက အက်စတန်ဗီလာအသင်းကိုနှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ လက်ရှိချန်ပီယံ မန်ယူအသင်းက ဝုလ်ဗာဟာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

မန်ယူနှင့်အာစင်နယ်အသင်းတို့သည် သုံးပွဲစီကစားပြီးရာ သုံးပွဲစလုံး အနိုင်ရရှိခဲ့သည့်အတွက် ကိုးမှတ်ချင်းတူညီနေကြသော်လည်း အာစင်နယ်က ရဂိုးရှစ်ဂိုးရှိပြီး မန်ယူကခုနစ်ဂိုးသာရထားရာ ပရီမီယာလိဂ်ပြိုင်ပွဲ တန်းစီဇယားတွင် အာစင်နယ်က မန်ယူ၏အထက်တွင်ရောက်နေသည်။

ဟိုက်ဘာရီ ကစားကွင်း၌ ကျင်းပသည့် အာစင်နယ်နှင့်အက်စတန်ဗီလာတို့ပွဲတွင် စောစောပိုင်း၌ အာစင်နယ်က ခြေအသာဖြင့်ကစားနိုင်ခဲ့သော်လည်း အင်္ဂလန်အသင်း နောက်တန်းလူ ဆိုးလ်ကင့်ဘဲလ်က ထောင့်ကန်ဘောမှတစ်ဆင့် အဖွင့်ဂိုးကိုသွင်းသည့် ဒုတိယပိုင်း ၁၂မိနစ်အထိ အာစင်နယ်၏တိုက်စစ်ကို အက်စတန်ဗီလာအသင်းထိန်းထားနိုင်ခဲ့သည်။ ပြင်သစ်တိုက်စစ်မှူး သီယာရီဟင်နရီက လေလွင့်ချိန်တွင် အာစင်နယ်အတွက် ဒုတိယမြောက်ဂိုးသွင်းယူခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဝုလ်ဗာဟာတန်အသင်းတို့ပွဲတွင် မန်ယူကတစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည်။ မန်ယူအတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းတွင် ထောင့်ကန်ဘောမှတစ်ဆင့်နောက်ခံလူ အိုရှီးယားက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ/ရိုက်တာ။**

အဆင့်မြင့်ပရိုဂရမ် သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၈

အမှတ်(၄၁) ရန်ကုန်-အင်းစိန်လမ်း လှည်းတန်းမီးပွိုင့်အနီး ကမာရွတ်မြို့နယ်တွင် တည်ရှိသည့် TECH Training Centre ၌ Advanced Programming Language ကို လေ့လာလိုသူများအတွက် Client-server, Database Applicat ion သင်တန်းကို ဝါရင့် Programmer များ ကိုယ်တိုင်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် Visual Basic Language ဖြင့် Project ပြုလုပ်နိုင်သည်အထိသင်ကြားပေးသွားမည်ဖြစ်ပြီး Programming အခြေခံရှိသူများ တက်ရောက်နိုင်သည်။

အသေးစိတ်သိလိုပါက ဖုန်း-၇၀၅၇၀၂၊ဖုန်း-၅၃၉၅၃၁နှင့်ဖုန်း-၅၀၅၉၈၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

"ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့်" ဆက်လက်ပြသ အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား မြို့မရုံတွင် ရုံတင်

ရန်ကုန် ဩဂုတ် ၂၈

ယခု သောကြာပတ်တွင် ဘရဏီရုပ်ရှင်မှ ဒါရိုက်တာလွင်မင်း၏ **ချစ်ခြင်းရန်ခုန် ယုံကြည်စွာဖြင့်** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာဒုံရုံများတွင် ဆက်လက်ပြသနေသည်။ ဒွေး၊ ရီဝေယံ၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းနှင့် နှင်းဝတ်ရည်သောင်းတို့ ပါဝင်သရုပ်ဆောင်ကြသည်။

ဆက်လက်၍ ဒါရိုက်တာ အိအိခိုင်ရိုက်ကူးပြီး လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ မျိုးစန္ဒီကျော်တို့ ပါဝင်သည့် **နှစ်ယောက်မရှိဘူး** ဇာတ်ကား ရှေ့ဆောင်ရုံ၌ ပြသဆဲရှိသည်။

"ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့်" ဇာတ်ကားမှ သရုပ်ဆောင်များ၏ လှုပ်ရှားဟန်။

နေပြည်တော်ရုံ

ယခုသောကြာပတ်တွင် နေပြည်တော်ရုံ၌ Pyaar Ishq Aur Mohabbat အမည်ရှိ အိန္ဒိယ အချစ်ဇာတ်ကား တင်ဆက်ပြသသည်။ အချစ်ကိုငွေနှင့်လဲ၍မရဘဲ စစ်မှန်သောမေတ္တာသည်သာ သစ္စာ တရားဖြစ်ပုံကို အာရာလွန်ရန်းပါလ် ဆူနီရှက်သီ၊ အာဖီရှိဝါဒတ်စနီနှင့် ကရက်ဒီရာဒီတို့က သရုပ်ဆောင် ထားကြသည်။ ရွှေဂုန်ရုံ၌ နိုင်ငံခြား ဇာတ်ကြမ်းကားဖြစ်သည့် Human Shield အမည်ရှိ ဇာတ်ကား ရုံတင်ပြသနေသည်။

နေပြည်တော်ရုံတွင် ရုံတင်ပြသနေသည့် Pyaar Ishq Aur Mohabbat အိန္ဒိယဇာတ်ကားမှ သရုပ်ဆောင်ကွက်တစ်ကွက်။

အကယ်ဒမီဆုရကား

မြို့မရုံတွင် Khladi 420 အမည်ရှိ အကယ်ဒမီဆုရအိန္ဒိယ ဇာတ်ကားသစ် ရုံတင်ပြသသည်။ မင်းသားအရှစ်ကူမာနှစ်ကိုယ်ခွဲ၍ မင်းသမီးဟီမာချော်ဒရီနှင့် တွဲဖက်သရုပ်ဆောင်ထားသော အချစ်နှင့် အက်ရှင်ဇာတ်ကားဖြစ်သည်။

ဆက်လက်၍ ဆုထူးပန်ရုံတွင် **Jungle**အမည်ရှိ အိန္ဒိယတောတွင်း ဇာတ်ကြမ်းကား ရုံတင်ပြသလျက်ရှိသည်။ အက်ရှင်မင်းသား ဆူနီရှက်သီခေါင်းဆောင်ပါဝင်ထားသည်။

ဝဇီရာရုံတွင် ရန်အောင်၊ ဒွေး၊ ထွန်းအိန္ဒြာဗိုနှင့် နန္ဒာလှိုင်တို့ ပါဝင်ကြသည့် **အချစ်နှင့်သူ၏ဂုဏ်သိက္ခာ** ဇာတ်ကားပြသဆဲရှိသည်။ ။

(ကြေးမုံ)

မြို့မ ရုံတွင် တင်ဆက် ပြသ နေသည့် Khiladi 420 အမည်ရှိ အိန္ဒိယ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

"ငါသူတစ်ပါး ယောကျ်ား မိန်းမ" ရှေ့အပတ်ရုံတင်မည်

ရန်ကုန် ဩဂုတ် ၂၈

လာမည့်သောကြာပတ်တွင် ကြယ်တံခွန်ရုပ်ရှင်မှ ဒါရိုက်တာပန်းချီစိုးမိုးရိုက်ကူးသည့် **ငါ သူတစ်ပါး ယောကျ်ား မိန်းမ** ဇာတ်ကားသစ် ရုံတင်မည်ဖြစ်သည်။ ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ ထက်ထက်မိုးဦးနှင့် ခင်ဇာခြည်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ **(ကြေးမုံ)**



မြန်မာ့မီးရထားမှ ကာယ၊ ဉာဏ လုပ်သားများ၏ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်မှု သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ခဲ့ပြီ

ပုံညာတောင် ဥမင်ဖောက်လုပ်မှု အောင်ပွဲ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ပခုက္ကူ – ဂန့်ဂေါ – ကလေး ရထားလမ်းပိုင်းရှိ ပုံညာတောင် ဥမင်ကို ယခုနှစ် မေ ၁၃ ရက်က အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပေပြီ။ ယင်းအောင်မြင်မှုသည် မြန်မာ့မီးရထား၏ ထူးခြားသော စွမ်းဆောင်မှု သမိုင်းမော်ကွန်းအဖြစ် တင်ရစ်ပေပြီ။

ယင်းသို့ ပုံညာတောင် ဥမင်ကို ပြည်ပမှ ပညာရှင်မပါဘဲ မြန်မာ့မီးရထားမှ ကာယ၊ ဉာဏလုပ်သားများ၏ ခွဲ၊ အားမာန်၊ စွမ်းအားတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့မှုကို ဂုဏ်ပြု၍ ကာယ၊ ဉာဏ လုပ်သားများအား ဆုချီးမြှင့်ပွဲကို လွန်ခဲ့သော ဩဂုတ် ၂၃ ရက်က ပုံညာတောင် ဥမင် (အရှေ့) ရှင်းလင်းဆောင်၌ ကျင်းပခဲ့ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့ တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပေသည်။

ပုံများတွင် မြန်မာ့မီးရထားက အောင်မြင်စွာ ထွင်းဖောက်တည်ဆောက်နိုင်ခဲ့သော ပုံညာတောင် ဥမင် အနောက်ဘက်ပိုင်းကို တွေ့နိုင်သည်။ (အပေါ်ပုံ) မြန်မာ့မီးရထား ကာယ၊ ဉာဏလုပ်သားများက စွမ်းအားထက်မြက်စွာ ဖောက်လုပ်နိုင်ခဲ့ကြသည်။ (ယာပုံ) အရှည်ပေ ၅၆၁၀ ရှိ ပုံညာတောင် ဥမင်၏ အတွင်းပိုင်းကို တွေ့နိုင်သည်။ (အောက်ယာပုံ) ပုံညာတောင် ဥမင်နှင့် တစ်ဆက်တစ်စပ်တည်းသော ပုံညာတောင်ကြောမှ ရေမျက်နီ – ကျော ရထားလမ်းပိုင်းကို ဤသို့ တွေ့ရသည်။ (အောက်ဝဲပုံ)

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း –

ခရမ်းစိုးမြင့်၊ ရေချမ်းမြင့်(ကြေးမုံ)





ရေလွှမ်းမိုးမှုအန္တရာယ်ကိုကာကွယ် သီးထပ်စိုက်ပျိုးရေးအထောက်အကူပြု ပဲခူးရိုးမခြေရင်းမှ ကောလိယတမံ

သတင်းဆောင်းပါး–
မောင်ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း –သတင်းစဉ်

ရန်ကုန် ဩဂုတ် ၂၈

နှင်းကြွင်းတို့ဝေဆဲရှိသည့် နွေဦးနံနက်ခင်းတစ်ခု။ ကြေးမုံသတင်းအဖွဲ့ကို သယ်ဆောင်လာသော မော်တော်ယာဉ်သည် ရန်ကုန်–မန္တလေး ကားလမ်းမကြီးထက်တွင် ညင်သာစွာ မောင်းနှင်ပြေးသွားရင်း ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ဆီသို့ ခရီးနှင်နေ၏။

လမ်းဘေးဝဲယာမှ ရိတ်သိမ်းပြီးစ လယ်ကွင်းများ၊ ရာသီ သီးနှံစိုက်ခင်းများ၊ စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်နေသူများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများနှင့် စည်ကားစပြုနေသော မြို့ပြများကို ဖြတ်သန်း၍ ကြေးမုံသတင်းအဖွဲ့ ဦးတည်ရာအရပ်ဆီသို့ အရောက်လှမ်းနေပါသည်။

ကားလမ်းနံဘေးရှိ မိုင်တိုင်အမှတ်အသားကို လှမ်းကြည့်သတိပြုမိတော့ "၈၀"။ ရန်ကုန်မြို့မှ မိုင် ၈၀ အကွာသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ဖောင်တော်သီလမ်းခွဲအရောက်တွင် မော်တော်ယာဉ်က လက်ဝဲဘက်သို့ ချိုးကွေ့သွားခဲ့သည်။

ရိတ်သိမ်းပြီး လယ်မြေများကြားမှာ ရာသီသီးနှံစိုက်ခင်းများက ဟိုတစ်ကွက်သည်တစ်ကွက်၊ ဖုန်အလိမ်းလိမ်း ကပ်သောရိုးပြတ်ငုတ်တိုမြင်ကွင်းက တပြန့်တပြော၊ စိမ်းလန်းနေသော ပျိုးပင်ငယ်များဖြင့် အဆင်အကွက် ရက်ဖောက်ထားသလိုမြင်ရ၏။

ထိုမြင်ကွင်းကျယ်၏ အနားသတ်မျဉ်းကား စိမ်းညိုသော တောအုပ်တောတန်း၊ ထိုတောအုပ်တောတန်း၏ နောက်တွင်မြူမင်းလွင်တို့ ပါးပါးလွှာလွှာဖုံးအုပ်ထားသော ပဲခူးရိုးမ။ မိမိတို့ ကြေးမုံသတင်းအဖွဲ့ ဦးတည်ရာအရပ်ကား ထိုရိုးမအတွင်းမှ ကောလိယရေလှောင်တမံဖြစ်သည်။

စိမ်းမြမြ

ဒီကနေမြေညီလမ်း ၁၂ မိုင်နဲ့ တောင်ပေါ်လမ်းက ကိုးမိုင်ရှိပါတယ်ဟု အတူလိုက်ပါသူ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူက ကြိုတင်သတင်းပေးသည်။ လေပူတစ်ချက် ဖော့ယမ်းတိုက်ခတ်လာသည်။ ထို့နောက်တွင် အလိပ်လိုက်ပါလာသည်က ဖွေးဖွေးဖြူသောဖုန်မှုန့်များ။ အဝေးက ပဲခူးရိုးမတောနှင့် တောင်စွယ်တို့က စိမ်းမြမြ။

ရိုးမတောင်ခြေသို့ ချဉ်းကပ်လမ်းတွင် ခရီးတွင်လာသည်နှင့်အမျှ လူနေအိမ်ခြေ ကျဲပါးလာသည်။ ရွာစဉ်ဝေးလာသည်။ ခြောက်သွေ့သောတောသည် ရိုးမခြေရင်းသို့ ရှည်လျားစွာ ဝပ်စင်းနေ၏။

လျှိုမြောင်၊ ကုန်းကျင်းတို့ကို ဖြတ်သန်း၍ တစ်နာရီကျော်ကြာ ခရီးနှင်ခဲ့၏။ ကားပြတင်းမှ လှမ်းမြင်လိုက်ရသော ရေစပ်စပ်သာရှိသည့် ချောင်းငယ်ကို မြင်ရ၏။ ကောလိယချောင်း ဖြစ်သည်ဟု သိရပါသည်။ တောင်ကျချောင်း၊ ယခုတော့ သဲချောင်းဖြစ်နေပေပြီ။ တောင်ကုန်းအတက်ကွေ့တစ်ခု၌ မြေပြန့်လွင်ပြင်ကို ရိပ်ခနဲတစ်ကြိမ်တွေ့လိုက်ရသေးသည်။

ခရီးဆုံးပြီ။ မျက်နှာမူရာအရပ်တွင် ဟိန်းဟိန်းမားမား ရပ်တည် ကာဆီးထားသည်က ရေလှောင်တမံကြီးတစ်ခု။ တောင်ငယ်တစ်ခုအလား ခံ့ညားလှ၏။ ဤကား ကောလိယရေလှောင်တမံတည်း။

တမံတည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယာဉ်ယန္တရားကြီးများနှင့် တည်ဆောက်ရေး လုပ်သားများ လှုပ်လှုပ်ရှားရှားတက်တက်ကြွကြွဖြင့် ဆောင်ရွက်ခဲ့ကြ၏။

ကြေးမုံသတင်းအဖွဲ့သည် အမြင့်ပေ ၁၃၀ ရှိပြီး အလျားပေ ၉၀၀ ရှိသည့် မြေသားတမံပေါ် လျှောက်လှမ်းရင်း လုပ်ငန်းခွင်တစ်ခုလုံးကို စီးမိုးကြည့်ကြသည်။ တမံအတွင်းသား ရေပြင်နှင့်ထိစပ်ရာ တမံမျက်နှာပြင်ကို ကျောက်များစီခင်းထားသည်။

တမံအောက်ခြေမှ ရေပြင်က စိမ်းလဲ့လဲ့။ ရေပြင်၏ တစ်ဖက်ကမ်း တောင်စွယ်၊ တောင်စောင်းတို့၌ တောစိမ်းစိမ်းတို့ကလည်း တစ်မျှော်တစ်ခေါ်။ သစ်တောစိမ်းစိမ်း၊ ရေစိမ်းစိမ်း။ လှပသော သဘာဝပန်းချီကားတစ်ချပ်ပမာ ရှိသည်။

ရည်ရွယ်ချက်

ကြေးမုံသတင်းအဖွဲ့နှင့်အတူ ပင်မတမံပေါ်လျှောက်လှမ်းရင်း ဆည်မြောင်းဌာန တာဝန်ရှိသူက ပဲခူးရိုးမ အရှေ့ခြမ်းတွင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ဘောနီ၊ ကောလိယ၊ ဘိုင်းဒါး၊ ရဲနွယ်တာတမံများနှင့် ဆက်နွယ်၍ ကောလိယ ရေလှောင်တမံ တည်ဆောက်ရခြင်းရည်ရွယ်ချက်ကို ရှင်းပြပါသည်။

"ပဲခူးတိုင်းဒိုက်ဦးမြို့နယ်သည်နှစ်စဉ်မိုးရေချိန်လက်မ ၁၀၀ ကျော်၊ ယမန်နှစ်က ဆိုလျှင် ၁၁၅ လက်မ ရှိကြောင်း၊ ဤဒေသရှိ လယ်မြေများသည် မိုးကောင်းသောက်လယ်များဖြစ်ကြောင်း၊ မိုးကောင်းသည်နှင့် အမျှ ရဲနွယ်၊ ဘိုင်းဒါး၊ ကောလိယ စသည့် တောင်ကျချောင်းများသည် မိုးကာလအတွင်း ရဲနွယ်နှင့် ပွန်တန်ဆာ လွင်ပြင်ဒေသကို ရေလွှမ်းမိုးခြင်းနှင့် ရန်ကုန်–မန္တလေး ကားလမ်းနှင့် ရထားလမ်းများကို ရေကျော် တိုက်စားမှုများ ဖြစ်စေကြောင်း။ ထို့ကြောင့် ရဲနွယ်၊ ကောလိယ၊ ဘိုင်းဒါးချောင်းများကို ရေလှောင်တမံများ တည်ဆောက်၍ မိုးရာသီတွင် အလုံးအရင်းဖြင့် စီးဆင်းလာသောရေကို ဖမ်းယူတားဆီးကာ ရဲနွယ်–ပွန်တန်ဆာ လွင်ပြင်ဒေသကို ရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်ပေးရန် ရည်ရွယ်ထားကြောင်း" ရှင်းပြပါသည်။

ကောလိယရေလှောင်တမံ တည်ဆောက်ရခြင်း၏ ဒုတိယရည်ရွယ်ချက်ကိုဆက်လက်ရှင်းလင်းရာ၌ ကောလိယရေလှောင်တမံ စီမံကိန်းဖြစ်ပေါ်လာမှု နောက်ခံသမိုင်းကားချပ်ကိုပါ ထည့်သွင်းရှင်းလင်းပါသည်။

အကောင်အထည်ဖော်

"ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် စိုက်ပျိုးရေးသီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးစား၊ အလတ်စားနှင့် အသေးစား ဆည်မြောင်းစီမံကိန်းများကို ပြည်နယ်၊ တိုင်းအသီးသီးတွင် အရှိန်အဟုန်နှင့် အကောင်အထည် ဖော်နေကြောင်း၊ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးမှာပါဝင်တဲ့ ကောလိယရေလှောင်တမံ စီမံကိန်းသည် အလတ်စား ဆည်မြောင်းစီမံကိန်းတစ်ခု ဖြစ်ကြောင်း၊ ကောလိယရေလှောင်တမံစီမံကိန်းလုပ်ငန်းကို ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလတွင် စတင်ခဲ့ကြောင်း" ရှင်းပြသည်။

ကြေးမုံသတင်းအဖွဲ့သည် မြေသားတမံပေါ်မှ အထက်ကုန်းမြင့်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့သည်။ ရှင်းလင်းဆောင်၏ လက်ယာဘက်၊ မြေသားတမံ၏ မြောက်ဘက်ထိပ်ကမူထက်တွင် တမံဦးစေတီငယ်ကို သပ္ပာယ်လှစွာ ဖူးတွေ့ရသည်။

ဦးစီးအရာရှိ(တမံ) ဦးညွန့်ဌေးက မြေပုံကားချပ်များ ခင်းကျင်း၍ တမံဆိုင်ရာ အချက်အလက်များကိုရှင်းလင်းပါသည်။

"ကောလိယရေလှောင် တမံဟာ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကောလိယချောင်းနဲ့ ကျားချောင်းဆုံရာ အထက်ဘက် တစ်မိုင် နှစ်ဖာလုံအကွာမှာ တည်ရှိပါတယ်။ ရေဆင်းဧရိယာ၄၃ စတုရန်းမိုင်ရှိတဲ့ ကောလိယချောင်းပေါ်မှာ မြေသားတမံ တည်ဆောက်ပြီး လယ်မြေဧရိယာ ဧက ၂၄၅၀၀ မှာ သီးနှံစိုက်ဧရိယာ ဧက ၄၅၀၀၀ ကို ရေသွင်းပြီး သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ ဒေသဆန် ဖူလုံရေးနဲ့ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမှာဖြစ်ပြီး ရဲနွယ်–ပွန်တန်ဆာလွင်ပြင်ဒေသ ရေလွှမ်းမိုးမှု လျော့ပါးသွားရန် ရည်ရွယ်ပါတယ်။ ကန်ရေပြည့် ရေပြင်အကျယ်ဧရိယာဧကပေ၄၅၇၀နဲ့ ကန်ရေသေရေလှောင် ပမာဏ ဧကပေ ၁၄၅၀၀ ရှိပြီး ကန်ရေပြည့် ရေလှောင် ပမာဏမှာ ဧကပေ ၁၆၅၀၀၀ ရှိပါတယ်။ ဆည်ရေသောက်ဧရိယာမှာ ဒိုက်ဦးမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း ကျရောက်ကာ ၂ မဂ္ဂါဝပ် အင်အားရှိ ရေအားလျှပ်စစ် ထုတ်လုပ်ရန်လည်း ရည်ရွယ်ထားပါတယ်"ဟု ရှင်းပြသည်။

ရှင်းပြသည်မှာလည်း အတော်ပြည့်စုံပြီး နေအပူရှိန်လည်း လျော့ပါးလာပြီဖြစ်၍ ရေပိုလွှဲတည်ဆောက်ရာသို့ ခရီးဆက်ကြပြန်ပါသည်။

ပျားပန်းခပ်မျှ

ရေပိုလွှဲဆီသို့အသွားတွင် အလျားပေ၇၅၀ရှိကုန်းကြောတမံကို ဖြတ်သန်းကြရသည်။ မြေတူး မြေကော်စက်ကြီးများဖြင့် ကုန်းကြောတမံကို မြေသားအားဖြည့်လုပ်ငန်း ဆောင်ရွက်နေကြသည့် လုပ်သားများက ပျားပန်းခပ်မျှ။

ရေပိုလွှဲ တည်ဆောက်ရေးတာဝန်ခံ ဦးကြည်ဝေ ဦးစီးအရာရှိ(ရေပိုလွှဲ)က တည်ဆောက်ဆဲရေပိုလွှဲ၏ မြေသားလုပ်ငန်းကို လိုက်လံပြသရင်း ရှင်းပြပါသည်။

"သတ်မှတ်ထားတဲ့ဆည်ရေမျက်နှာပြင်ထက်မြင့်တက်လာတဲ့ ဆည်ရေများဟာ ဒီရေပိုလွှဲကတစ်ဆင့် စီးထွက်မှာဖြစ်ပါတယ်။ ရေပိုလွှဲအလျားက ပေ၄၀၀ ဖြစ်ပြီး အကျယ်က ပေ ၅၀ ဖြစ်ပါတယ်။ ဒီဇိုင်းရေစီး နှုန်းကတော့ ၂၆၄၂ ကုဗပေ/ စက္ကန့်ဖြစ်ပါတယ်"။ ကြေးမုံသတင်းအဖွဲ့သည် ရေပိုလွှဲမှတစ်ဖန် တည်ဆောက်ဆဲ ရေထိန်းမျှော်စင်သို့ ရောက်ကြပြန်ပါသည်။ အမြင့်ပေ ၇၀ရှိ ရေထိန်းမျှော်စင်သည် တမံရေစပ်တွင် ထီးထီးမားမား တည်ရှိနေသည်။

ဦးထွန်းထွန်းဦး ဦးစီးအရာရှိ(ရေထုတ်ပွန်)က "ရေထုတ်ပွန်အလျားက ပေ ၆၀၀ဖြစ်ပါတယ်။ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ၆ပေ X ၄ ပေအရွယ် အပေါက်သုံးပေါက်ပါရှိမှာ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ ရေလှောင်တမံရဲ့ အောက်ဘက် ငါးမိုင်ခွဲအကွာမှာ အလျားပေ ၁၀၀၊ အမြင့် ၁၄ဒသမ ၅ ပေရှိရေလွှဲဆည်ရှိပါတယ်။ အမျိုးအစား Ogee Type ဖြစ်ပါတယ်။

တာဝန်ရှိသူထံ ကြေးမုံသတင်းအဖွဲ့က ထပ်မံစေ့ငုကြည့်မိရာမှ ဆည်ရေသောက်စနစ်ကို ရှင်းပြပါသည်။

"ရေမြောင်းမကြီးက အလျား ၁၃ မိုင် တစ်ခု၊ ၂၁ မိုင်လေးခုနဲ့ မြောင်းခွဲအလျားက ၅၂ မိုင်ပါ၊ ဒါ့အပြင် တူးမြောင်းအဆောက်အအုံ ၈၀၀ ပါရှိပါမယ်"ဟုရှင်းပြသည်။ ကြေးမုံသတင်းအဖွဲ့သည် ရေထိန်းမျှော်စင်ပေါ်မှ ရေပြင်ကို ကြည့်ကြပြန်သည်။ ရေပြင်တွင် ညနေစောင်းကျနေ၏ ရောင်ခြည်ဟပ်၍တလက်လက်။ လှိုင်းကြက်ခွပ်ကလေးများကညင်ညင်သာသာ။ တစ်ဖက်ကမ်းရှိတောအုပ်တောရိပ်တို့ပေါ်တွင် ကျဆင်းနေသည့် နေခြည်ဝါနုနု အလှပေါင်းတို့စုလျက်။

နွေအခါတွင် အင်အားချည့်နဲ့၍ သိမ်မွေ့သယောင်ရှိလှသော ကောလိယ၊ မိုးရာသီတွင် တောင်ကျချောင်းတို့၏ သဘာဝအတိုင်း ကြမ်း၏။ ရိုင်း၏။ ရဲနွယ်–ပွန်တန်ဆာလွင်ပြင်ကို ရေလွှမ်းစေ၏။ ကားလမ်းနှင့် ရထားလမ်းတို့ ရေကျော်၍ အသွားအလာ ခက်ခဲစေ၏။ လူနေအိမ်ခြေ သီးနှံစိုက်ခင်းများကို ဖျက်ဆီးဝါးမျိုခဲ့၏။

ထိုကောလိယ၊ အနီကောလိယ၏ ဒေါသလက်ရန်းမဆန့်ထုတ်နိုင်အောင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ တည်ဆောက်ရေး လုပ်သားတို့က အပြီးတိုင် ချုပ်နှောင်တားဆီးခဲ့လေပြီ။

ကြေးမုံသတင်းအဖွဲ့သည် ရိုးမပေါ်မှ ဆင်းခဲ့ပြီ။ လာလမ်းအတိုင်းပင် ကုန်းကျင်း၊ လျှိုမြောင်၊ ရွာစဉ်၊ တောစပ်၊ ရိုးပြတ်တော၊ စိုက်ခင်းတို့ကိုဖြတ်၍ အပြန်ခရီးကို နှင်ကြသည်။

ကြိုတင်မြင်ယောင်

ကြေးမုံသတင်းအဖွဲ့ကို သယ်ဆောင်လာသော မော်တော်ယာဉ်သည် ဖောင်တော်သီလမ်းခွဲမှ ရန်ကုန်–မန္တလေးကားလမ်းမကြီးကို ချိုးကွေ့လိုက်သည်။ ကြေးမုံသတင်းအဖွဲ့ ရိုးမကို ငဲ့ကြည့်လိုက်ရင်း တစ်ဆက်တည်းပင် ပဲခူးရိုးမအရှေ့ခြမ်း ဒိုက်ဦးနှင့် ပဲခူးမြို့နယ်များရှိ ကောလိယ ဆည်ရေသောက်ဒေသ၏ စိမ်းမြသောနွေရက်များကို ကြိုတင်မြင်ယောင်ခဲ့မိပါသည်။ ။

(ကြေးမုံ)

(၂၂–၃–၂၀၀၃)ရက်က အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သော နိုင်ငံတော်၏ (၁၄၄)ခုမြောက် ကောလိယရေလှောင်တမံ၏ အကျိုးသက်ရောက်မှုကို ဂုဏ်ပြု ဖော်ပြအပ်ပါသည်။ (စာတည်းမှူး)

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၈

Gunkul & Fresh မှ ကြီးမှူး ကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲမှ Hole in One ရရှိခဲ့ကြသော အားကစားသမားများအား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်ပွဲကို ဩဂုတ် ၂၃ရက်က ရန်ကုန်မြို့တော် စည်ပင်မြို့တော် ဂေါက်ကွင်း၌ ကျင်းပသည်။ အစီအစဉ်အရ မန်နေဂျာ ဦးထက်စိုးရင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် Hole in One ရရှိခဲ့ကြသော ပြိုင်ပွဲဝင် အားကစားသမားများအား မြို့တော် ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးခင်မောင်ရီ၊ Gunkul & Fresh မန်နေဂျင်းဒါရိုက်တာ ဦးဇေယျသူရမွန်တို့က ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။ **(ယာပုံ)** (က-ပ)

ဘုရား(၅)ဆူ ဗုဒ္ဓရုပ်ပွားတော်များ ခေတ်ကြီးလေးပါး ဆွမ်းကပ်လှူပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (ဆ/က)ရပ်ကွက်အတွင်းရှိ သုမင်္ဂလာ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ သတ္တဌာန အဓိဋ္ဌာန်ပွဲကြီးတွင် မြတ်စွာဘုရားအား ခေတ်ကြီးလေးပါး ဆွမ်းကပ်လှူပူဇော်မည်ဖြစ်၍ စက်တင်ဘာ ၁ရက်မှ ၉ရက်အထိ နေ့စဉ် နံနက် ၆နာရီခွဲတွင် ကပ်လှူပွဲ ပြုလုပ်မည်ဖြစ်ရာ ပါရမီရှင်များ ဖုန်း-၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တက္ကသိုလ် Student's Guide Biology ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၃-၂၀၀၄ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန်တက္ကသိုလ် ဇီဝဗေဒ ပါမောက္ခက စီစဉ်တည်းဖြတ် လမ်းညွှန်သည့် Student's Guide Biology စာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။ **(အောက်ပုံ)**

ဆက်သွယ်ရန်မှာ ဦးမင်းဦး ဌာနမှူး (သင်တန်းရေးရာ) ဘွဲ့နှင်းသဘင် အဆောက်အအုံ ရန်ကုန်တက္ကသိုလ် ဖုန်း-၅၃၆၅၀၃ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)



အရန်မီးသတ်နှင့် ကြက်ခြေနီဝတ်စုံ ပေးအပ်

ရန်ကုန် ဩဂုတ် ၂၈

ဒေါပုံမြို့နယ် အရန်မီးသတ်နှင့် ကြက်ခြေနီဝတ်စုံများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက် မွန်းလွဲ ၂နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အလှူရှင်များ၊ အရန်မီးသတ်နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က မြို့နယ် အရန်မီးသတ်နှင့် ကြက်ခြေနီ တပ်ရင်းမှူး ဒုရဲမှူးမြင့်အောင်သို့ အရန်မီးသတ်နှင့် ကြက်ခြေနီဝတ်စုံများကို လွှဲပြောင်းပေးအပ်သည်။

(အပေါ်ပုံ) (က-ပ)



မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ-၂၀၀၃ မြဝတီမြို့၌ ပထမဆုံးအကြိမ် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော်က ချမှတ်ထားသော "စီးပွားကူးသန်း ရှေ့သို့လှမ်း"ဟူသော ဆောင်ပုဒ်နှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍရပ်များ ရှေ့သို့တက်လှမ်းနိုင်စေရန်၊ ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်း အရည်အသွေး မြင့်မားစေရန်နှင့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းနိုင်စေရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်စေရန် ရည်ရွယ်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုလမ်းညွှန်မှု၊ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားဒေသခံ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် မြဝတီမြို့၊ ရွှေမြင်းဝန်ဘုရားကွင်းတွင် ပထမဆုံးအကြိမ် "မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ-၂၀၀၃"ကိုအောက်တိုဘာလအတွင်း Media Essential က စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြဝတီမြို့ ပထမဆုံးအကြိမ် "မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ-၂၀၀၃"တွင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ တိုင်းရင်းဆေး အမျိုးမျိုးနှင့် ပြည်တွင်းဖြစ် အနောက်တိုင်းဆေးဝါး အမျိုးမျိုး၊ ကျောင်းသုံး၊ ရုံးသုံးဗလာစာအုပ် အမျိုးမျိုးနှင့် စာရေးကိရိယာများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုး၊ အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ပန်းချီကားများ၊ မြန်မာမှုပရိဘောဂများ၊ လက်မှုပစ္စည်းများ အစရှိသည်တို့ကို ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

သို့ဖြစ်၍ မြဝတီမြို့ ပထမဆုံးအကြိမ် "မြန်မာ့ထုတ်ကုန်ကုန်စည်ပြပွဲ-၂၀၀၃" တွင် ရောင်းအားမြှင့်တင်ရေး အစီအစဉ်များ၊ ကြော်ငြာသရုပ်ပြသခြင်းများကို နေ့စဉ် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်မည်ဖြစ်ပြီး ပါဝင်ပြသလိုသော ပြည်တွင်းပြည်ပ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Media Essential ဖုန်း-၀၁-၇၀၈၆၀၅သို့ ဆက်သွယ်စုံစမ်း ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။

(က-ပ)

PENGUIN MILLENNIUM
Hi-tech IT Training centre
Linux Basic Admin Tel: 53-73-73
Network Admin

ဝန်ထမ်းအလိုရှိသည်
B.E(EC)
Electronic Circuit

လျှော့ဈေးနှင့်ရောင်းမည်
ယုဇနပလာဇာအနီး စက်ရုံလမ်းပေါ် 18'x58',3F,2BR၊ ရေ၊ မီးပိုင်၊ MERCEDES BENS, SANG YONG 2.8၊ ၁၈/၅---၊ 97 Auto Disel။
ဆက်သွယ်ရန်-၇၂၄၄၃၄၊ ၂၉၅၂၅၀၊ ၄၄၆၅၅၆၄။

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ—၁၁)
ရန်ကုန်တိုင်း တရားရုံးတော်၌
၂၀၀၃ခုနှစ်၊ တရားမအထွေထွေမှု အမှတ်—၂၇၄

ဦးဇော်ဝင်းသန်း **လျှောက်သူ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်းနေ၊ အမှတ် ၅၇ရပ်နေ အရွယ်မရောက်သေးသောသူငယ်ဖြစ်သည့် မခိုင်ခိုင်ဇော်၏ ခန္ဓာကိုယ်အုပ်ထိန်းသူအဖြစ်နှင့် ၎င်းပိုင်ဆိုင်သည့်ပစ္စည်းများအားလုံးကို–ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၅၇ရပ်နေ ဦးဇော်ဝင်းသန်းက အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ်၏ ဖခင်တော်စပ်သူဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက် (၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့)တွင် ဆိုင်ဆိုရန် ချိန်းချက်မူသည်။

၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဉာဏ်ဝင်း)
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

SUPREME GROUP OF COMPANIES
HEAD OFFICE SEPTEMBER
Phone: 229791/ 229792/ 229794/ 229795/ 229796/229797/ 09-500-8204
Fax: 229753
E-mail-supreme@mptmail.net.mm
Web site: http://www.supreme.com.mm

ဝန်ထမ်းအလိုရှိသည်
(၁) Production Manager
(၂) Graphic Designer
Corel Draw, Illustrator, Photo Shop
Large Format Printing
Head Office
No.B (3), North Wing of Aung San Stadium,
Mingalar Taung Nyunt Township,
Yangon, Myanmar.
Tel: 951-379837, 249382

Car Rental
Ph:095015334

09-50-14359, 227570

ဝန်ထမ်းအလိုရှိသည်
Marketing
Computer Operator
Microsoft Excel, PageMaker, Corel Draw

ဦးတင်မောင်ဦး
B.E(Mech)
SECTION
တဏ္ဍသိုလ်ဝင်တန်း သင်္ချာ
2002 , 2003
ဆက်သွယ်မေးမြန်းရန်- ☎ : 570036

United Associates Int'l Co., Ltd.
United Associates Int'l Co., Ltd
FEC 22000
FEC 22000
B.A., B.L.
M.C.A.S.(Canada)
B.A.(Eco) HGP.RL

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	လျှောက်ထားသူ လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးသောင်းတင်	၁၂/လကန(နိုင်)၀၆၇၇၇၇	(၃၅၅)၊ မိကသိ (၁၇)လမ်း၊ ၁၂/ရပ်ကွက်၊ တ/ဥ	အုံတောင်	၂၅	၇၇၃/ခ	ဦးသိန်းဌေး	အမည်ပြောင်း
၂။	ဦးစိုးလှမြင့်	၁၂/ဥကတ(နိုင်)၀၁၂၃၀၄	(၇၁၃)၊ ၂၉ ရပ်ကွက်၊ အုံမြောက်	အုံမြောက်	၂၉	၇၁၃	ဦးသောင်း	ဂရန်သစ်
၃။	ဒေါ်မူမူ	၁၂/ပဘတ(နိုင်)၀၂၂၉၅	(၂၅–၃၆)၊ ဆောင်မေပုရလမ်းသွယ်၊ တက္ကသိုလ်ရိပ်သာရှေ့ (၁)ရပ်ကွက်၊	ဗဟန်း	၃၆–အိုင်	၆၉/၂	ဒေါ်စန်းစန်းလှိုင်	အမည်ပြောင်း
၄။	ဒေါ်စန်းခင် + ၁	၁၂/အလန(နိုင်)၀၀၂၉၃၅	(၇)၊ တွင်းကျောင်း (၁)လမ်း၊ ဆင်မင်းရပ်ကွက်	အလုံ	၂၃ဒီ	၂၈၅	မောင်အောင်သန်း	အမည်ပြောင်း
၅။	ဒေါ်လှမြင့်	၅/ထခန(နိုင်)၀၀၆၀၆၈	(၈၄၉)၊ ဇဋိလ(၃)လမ်း၊ ၁၆/၁ရပ်ကွက်၊ သဃ်္ဃန်းကျွန်း	သဃ်္ဃန်းကျွန်း	၁၆/၁	၈၄၉၊ ၈၅၀	ဒေါ်ရောက်အေး	အမည်ပြောင်း
၆။	ဒေါ်ခင်လိုင်ဝင်း	၁၂/ကတတ(နိုင်)၀၁၆၀၀၄	(၉၉၆)၊ ၆ ရပ်ကွက်၊ အုံမြို့သစ်အရှေ့ပိုင်း	အုံအရှေ့	၆	၉၉၆	ဒေါ်ခင်သန်းမြင့်	ဂရန်သစ်
၇။	ဦးမြင့်ဇော် +၁	၁၂/လသန(နိုင်)၀၁၀၈၂၂	(၆၉)၊ ဗိုလ်ချုပ်လမ်း (၁၁)ရပ်ကွက်၊ ပုဇွန်တောင်	တ/ဥက္ကလာပ	၉	၁၈၃	ဒေါ်ကျင်ရီ	အမည်ပြောင်း
၈။	ဒေါ်နောင်းဒွေး	၆/မအရ(နိုင်)၀၀၁၄၅၂	(၆၆၅)၊ ၄၇ ရပ်ကွက်၊ အုံမြောက်	အုံမြောက်	၄၇	၆၆၅	ဒေါ်ဝင်းမေသန်း	ဂရန်သစ်
၉။	ဒေါ်အေးသိန်း	၁၂/ကမတ(နိုင်)၀၄၇၉၃၂	(၄၄၄)၊ တပင်ရွှေထီးလမ်း၊ ၃၉/B ရပ်ကွက်၊	အုံမြောက်	၃၉/B	၂၃၈	ဦးဝင်းကြည်	မြေပုံကူး
၁၀။	ဒေါ်နုနုထွန်း + ၃	၁၂/သဃတ(နိုင်)၀၃၂၉၀၈	(၅၅/ခ)၊ ၂၉ ရပ်ကွက်၊ တန်ဘိုးနည်းစုပေါင်း၊ သုဝဏ္ဏ	သဃ်္ဃန်းကျွန်း	၂၉/သုဝဏ္ဏ	၅၅/ခ	ဒေါ်နုနုထွန်း + ၂	မြေပုံကူး
၁၁။	ဦးတင်မောင်သိန်း	၁၂/စခန(နိုင်)၀၂၅၆၄၁	(၁) မအူပင်လမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၈ဒီ	၃၉B - ½	စမ်းချောင်းမြို့နယ်တရင်းရုံး	ဂရန်သစ်
၁၂။	ဒေါ်သန်းသန်းဌေး	၁၂/ကတတ(နိုင်)၀၀၃၀၆၆	(၅၁)၊ (၁၈)လမ်း၊ ကျောက်တံတားမြို့နယ်	တ/ဥက္ကလာပ	၆	၁၀	ဦးသောင်းရှေ	ဂရန်သစ်
၁၃။	ဒေါ်ခင်မြင့်မြင့်	၁၂/ဗတန(နိုင်)၀၁၉၀၆၅	(၁၈)၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၄ ရပ်ကွက်၊ အုံမြောက်	အုံမြောက်	၄၄	၁၀	ဦးအောင်ဆန်း	မြေပုံကူး
၁၄။	ဒေါ်ကုန်းမြင့် (ဘီးလစ်)	၁၄/ဖပန(နိုင်)၀၆၁၉၇၅	(၁၁၂–L)၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်	ဗဟန်း	၃၆–ရီ	ရှင်အေး/၂–၂၁	ဦးလှဝေ +၁	မြေပုံကူး
၁၅။	ဦးသိန်းလှိုင်	၁၂/ကတတ(နိုင်)၀၂၁၅၀	(၁၁)၊ ဆေးရုံလမ်း	ပုဇွန်တောင်	၁၁ရေ	၁၄၄	မလှမြင့်	မြေပုံကူး
၁၆။	ဒေါ်ထိထိသင်း	၁၂/လမတ(နိုင်)၀၀၂၃၈၉	(၁)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်	အုံ(ဆိပ်ကမ်း)	ဓဓ	၁၁၉၂	ဒေါ်ခင်မိုးမိုး	ဂရန်သစ်
၁၇။	ဒေါ်ထိထိသင်း	၁၂/လမတ(နိုင်)၀၀၂၃၈၉	(၁)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်	အုံ(ဆိပ်ကမ်း)	ဓဓ	၁၁၆၁	ဦးသိန်းအောင်	ဂရန်သစ်
၁၈။	ဦးထွန်းမြင့်(ခ)ဖော်ရန်ကြီး +၁	၁၂/ကတတ(နိုင်)၀၂၃၉၈၉	(၂၆)၊ သံလွင်လမ်း၊ ဗဟန်း	ဗဟန်း	၃၀–အေ	၄U/၂–B	ဦးထွန်းမြင့်(ခ)ဖော်ရန်ကြီး +၂	အမည်ပြောင်း
၁၉။	ဦးသိန်းနိုင်	၁၂/အလန(နိုင်)၀၂၈၅၅၁	(၂၆)၊ သံလွင်လမ်း၊ ဗဟန်း	ဗဟန်း	၃၀–အေ	၄U/၂–A	ဦးထွန်းမြင့်(ခ)ဖော်ရန်ကြီး +၂	အမည်ပြောင်း
၂၀။	ဒေါ်ငွေ	၁/မကန(နိုင်)၀၁၄၂၃၀	(၇၈၅)၊ ဦးလှဖေလမ်း၊ ၃၄ ရပ်ကွက်၊ အုံမြောက်	အုံမြောက်	၃၄	၇၈၅	ဦးလှထူး	အမည်ပြောင်း
၂၁။	ဒေါ်ခင်နှောင်း	၇/ပတန(နိုင်)၀၀၃၀၀၅	(၂၉၂)၊ ရှင်စောပုလမ်း၊ ၁၆ရပ်ကွက်၊ ရွှေပေါက်ကံ	မ/ဥက္ကလာပ	၁၆၊ ရွှေပေါက်ကံ	၂၉၂	ဗိုလ်မှူးသန်းညွန့်	ဂရန်သစ်

ဒုတိယဦးစီးမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စားပွဲနှင့်ကုလားထိုင်များငှားရန်
အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀မှ ညနေ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။
၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၂၀၊၂၄၅၆၄၂။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင်လမ်းသွယ်(၄)၊ အမှတ်(၆၂/ခ)နေ ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ကိုကိုဇင်(ခ)အောင်ကြီး မှတ်ပုံတင်အမှတ် [၁၂/ဥကမ(နိုင်)၁၇၃၇၇၂]သည်မိဘများ၏ ဆိုဆုံးမစကားများကို မနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါ။
ဦးအုန်းကြိုင်
[၁၂/မရက(နိုင်)၀၇၆၅၄၀]
ဒေါ်အေးအေးချို
[၁၂/မရက(နိုင်)၀၇၆၅၄၉]

ရောင်မြန်း
အထူးထုတ်ပေါင်းချုပ် (၃၀-၈-၂၀၀၃) စနေနေ့ ထွက်ပြီ
ဒေါ်ဝင်းရင်ကာသက်ပုံမှာမြွက်ကြသော ရွှေတိဂုံဘုရားမှ စိန်ဖူးတော်ပုံနှင့် တန်ခိုးကြီးဘုရားပုံတော်များ၊ ...
စာမူခွင့်ပြုချက်အမှတ် - ၂၉၃/၂၀၀၃ (၄)
စာအုပ်ဝယ်ယူရန် ---- (မြန်မာ့ရိုးရာ) ---- လသာမိုးစွေစာပေ - အမှတ် (၁၁၁)၊ ပထမထပ် (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁- ၂၅၃၅၁၉၊

သဇေပြည့် - ဆုံဆီ
☎ 544250

ဆရာကြီးများ စာစောင်တော်ပေါင်း (LL.B.)
☎01-375822

အမည်ပြောင်းခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးလှဆန်း၏ သားဖြစ်သူ ဦးသိန်းလှိုင် မှတ်ပုံတင်အမှတ် [၁၂/မဂတ(နိုင်)၀၈၈၃၅၁] အား ယနေ့မှစ၍ ဦးဆန်းလင်းဟု ပြောင်းလဲခေါ်ပါရန်။

ဦးဆန်းလင်း။

အမည်ပြောင်းခြင်း

ပင်းတယမြို့နေ ဦးခွန်စော၏သားဖြစ်သူ ဦးဘုန်းဝေ မှတ်ပုံတင်အမှတ် [၁၃/ပတယ (နိုင်)၁၃၂၁၈၉]အား ယနေ့မှစ၍ ဦးဝေယံအောင်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးဝေယံအောင်။

နေဝင်းမြင့်
ဝတ္ထုအစုံ
နှင့်
လှုပ်ရှားရေးသီချင်းဆောင်များ
ထွက်ပါပြီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ်၁၆/ဇ မြေဧရိယာ ၀.၁၁၃မ၀၄၈ ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ဒေါ်ပေါစိန် [၁၂/မရက(နိုင်)၀၆၇၂၃၁]ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားနှင့် ကျွန်ုပ်ထံသို့ ၄-၉-၂၀၀၃ ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လွင်လွင်မြ [B.A(Law), LL.B, LLM]
တရားရုံးချုပ်ရှေ့နေ၊ ၁၆၉၂
အမှတ်၈၂၊ ပထမထပ်၊ ဝဲဘက်၊ ၄၉လမ်း၊ ရန်ကုန်မြို့၊
Ph-293258.

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက် ပြည်သူလမ်း၊ ၂၈အိမ်ရပ်၊ အမှတ်(၄)နေ ဦးကင်းဝုက်-ဒေါ်ကျင်လွှမ်တို့၏ သားဖြစ်သူ မောင်အောင်မျိုးဦး[၁၀/ မလမ(နိုင်)၁၃၂၉၁၁]သည် မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်ရင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါ။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

မိခင်-ဒေါ်ကျင်လွှမ်
[၁၀/မလမ(နိုင်)၀၉၅၃၄၉]။

ရန်ကုန်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်တက္ကသိုလ်မှ ၂၀၀၃ခုနှစ်အတွင်း အောက်ဖော်ပြပါ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများ၏ (၁၀၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လျှောက်လွှာပုံစံများကို ရန်ကုန်တက္ကသိုလ် AE-7 တွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် ၂x၁ ဒီလက်မအရွယ်ဓာတ်ပုံနှစ်ပုံပူးတွဲလျက် ၁-၉-၂၀၀၃ ရက်နေ့မှ ၁၉-၉-၂၀၀၃ရက်နေ့အထိ လျှောက်ထားနိုင်ကြပါသည်။

(က)**(၁၀၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၁၈-၁၀-၂၀၀၃) ပထမနေ့**
နံနက်ပိုင်းအစီအစဉ် နံနက် (၉:၀၀)နာရီ

ပါရဂူဘွဲ့ - မြန်မာစာ၊ ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့- စိတ်ပညာ၊နိုင်ငံတကာဆက်ဆံရေးပညာ၊ ဒဿနိကဗေဒ၊ ပထဝီဝင်၊ ရှေးဟောင်းသုတေသနပညာ၊ မြန်မာစာ၊ SEAP Studies, Myanmar Studies
- စာကြည့်တိုက်နှင့် သုတပညာ
မဟာသိပ္ပံဘွဲ့- Environmental Studies, Biotechnology
ဒီပလိုမာဘွဲ့- ရှေးဟောင်းသုတေသနပညာ၊ အသုံးချရူပဗေဒ၊ အသုံးချစိတ်ပညာစာကြည့်တိုက်နှင့်သုတပညာ၊ ပထဝီဝင်သတင်းအချက်အလက်စနစ် (GIS)
ဝိဇ္ဇာဘွဲ့- ဝိဇ္ဇာဘာသာရပ်များအားလုံး (လုပ်သားများကောလိပ်)
အစမ်းလေ့ကျင့်ရန်- ၁၆-၁၀-၂၀၀၃ရက်နေ့၊ နံနက် (၉:၀၀)နာရီ

(ခ)**(၁၀၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၁၈-၁၀-၂၀၀၃) ပထမနေ့**
မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ(၂:၃၀)နာရီ

ပါရဂူဘွဲ့- သမိုင်း၊ ဓာတုဗေဒ၊ သတ္တဗေဒ
မဟာသုတေသနဘွဲ့-အင်္ဂလိပ်စာ
မဟာဝိဇ္ဇာဘွဲ့- အင်္ဂလိပ်စာ၊ သမိုင်း၊ အရှေ့တိုင်းပညာ
မဟာဥပဒေဘွဲ့- ဥပဒေ
မဟာသိပ္ပံဘွဲ့- ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ဘူမိဗေဒ၊ သင်္ချာ၊ ကုန်ထုတ်ဓာတုဗေဒ
- Biochemistry
ဒီပလိုမာဘွဲ့- ဥပဒေ၊ အင်္ဂလိပ်စာသင်ကြားရေး၊ အသုံးချဘူမိဗေဒ၊ စားသောက်ကုန်လုပ်ငန်း
သိပ္ပံဘွဲ့- သိပ္ပံဘာသာရပ်များအားလုံး (လုပ်သားများကောလိပ်)
အစမ်းလေ့ကျင့်ရန်- ၁၆-၁၀-၂၀၀၃ရက်နေ့ နံနက်(၉:၀၀)နာရီ

(ဂ)**(၁၀၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၁၉-၁၀-၂၀၀၃) ဒုတိယနေ့**
နံနက်ပိုင်းအစီအစဉ် နံနက် (၉:၀၀)နာရီ

ဒီပလိုမာဘွဲ့ -D.B.L
D.M.L
အစမ်းလေ့ကျင့်ရန်- ၁၆-၁၀-၂၀၀၃ရက်နေ့ မွန်းလွဲ ၂:၀၀နာရီ

(ဃ)**(၁၀၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၁၉-၁၀-၂၀၀၃) ဒုတိယနေ့**
မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ (၂:၃၀)နာရီ

ဝိဇ္ဇာဘွဲ့- ရန်ကုန်သမဝါယမဒီဂရီကောလိပ်မှ အောင်မြင်ကြသူများ
အစမ်းလေ့ကျင့်ရန်- ၁၆-၁၀-၂၀၀၃ရက်နေ့ မွန်းလွဲ ၂:၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်ကြေး-၁၅၀၀/-၊ အဝေးရောက်ဘွဲ့ကြေး-၁၀၀၀/-
၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာလာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်နှင့်ကျောင်းသားမှတ်ပုံတင်ကတ်ပြားများကိုယူဆောင်လာရမည်။
၄။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။
၅။ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၃-၁၀-၂၀၀၃ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် ရန်ကုန်တက္ကသိုလ် AE-7၌ ထုတ်ပေးပါမည်။
၆။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန ဖုန်း-၅၃၄၀၂၄၊ ၅၃၆၅၀၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်ပါသည်။

ခင်အေးကျော်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ အထူးခရန်လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်နေ့မှစ၍ (တစ်ပတ်အတွင်း) ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အမည်	အမျိုးသားမှတ်ပုံတင်အမှတ်	မြေကွက်တည်ရာလိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်းရပ်ကွက်အမှတ်	မြေကွက်အမှတ်
၁	ဒေါ်လီလီတာ	MMA ၁၃၈၇၄၄	၅/၅၁ အောင်ဇေယျာလမ်း (၆)ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ + ၅/၄ Q
၂	ဒေါ်စိန်	၁၂/မရက(နိုင်)၀၇၂၂၇၈၇	၅/၅၁ အောင်ဇေယျာလမ်း (၆)ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၅/၆
၃	ဦးလှရွှေ	၁၂/မရက(နိုင်) ၀၄၉၉၅၁	၅/၅၁ အောင်ဇေယျာလမ်း (၆)ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၅/၅၁
၄	ဦးခင်မောင်	၁၂/မရက(နိုင်) ၀၀၇၃၃၇	၅/၇၆ စာတိမာန်လမ်း (၆)ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၆ (သမိုင်း)	၄၆/က
၅	ဒေါ်မြင့်မြင့်စိန် (ခေါ်) ဒေါ်ခင်ခင်	၁၂/မရက (နိုင်) ၁၀၁၀၀၉	၉၄၁ အောင်ဇေယျာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ L
၆	ဦးခင်ကို	၁၂/မရက (နိုင်) ၀၇၄၅၇၅	၅/၂၄-အေ အောင်ဇေယျာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ K
၇	ဦးခင်အောင်	၁၂/မရန (နိုင်) ၀၄၄၅၅၉	၅/၂၂၊ အောင်ဇေယျာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ J
၈	ဦးကျော်ခိုင်မြင့် + ဒေါ်ခင်မေသီ	၁၂/မရက (နိုင်) ၁၁၉၈၅၃ ၁၂/မရက (နိုင်) ၁၁၉၈၄၆	၅/၂၉ (က) အောင်ဇေယျာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ H
၉	ဦးခိုးအောင်ထွန်း + ဒေါ်မိမိ	HBE - ၀၅၁၇၇၃ ၁၂/ကမရ (နိုင်) ၀၄၁၆၁၀	၁၅၉-A ဇေယျာဓမ္မလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၆ (သမိုင်း)	၄၅ / ၁၂
၁၀	ဒေါ်မြင့်မြင့်တင်	AD - ၀၁၄၄၉၆	၁၁၊ အောင်မင်္ဂလာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၆ (သမိုင်း)	၄၅ / ၁၁

မြေနှင့်အခွန်ဌာနမှူး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ အထူးခရန် လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်နေ့မှစ၍ ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အမည်	အမျိုးသားမှတ်ပုံတင်အမှတ်	မြေကွက်တည်ရာလိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်းရပ်ကွက်အမှတ်	မြေကွက်အမှတ်
၁	မိုဟ်မျှာလှထွန်းမြို့ (မြိမ်)	၃/ဘအန (နိုင်) ၀၀၃၀၉၄	၁၆၁ (က)၊ ဇေယျာဓမ္မလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၆ (သမိုင်း)	၄၅/၆
၂	ဒေါ်လှလှခိုင်	၁၂/အစန(နိုင်) ၀၃၀၉၆၆	၁၅၉၊ အောင်မင်္ဂလာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၆ (သမိုင်း)	၄၅/၇
၃	ဦးသောင်းညွန့်	၁၂/ဗဟန (နိုင်) ၀၂၃၀၄၄	၁၆၀၊ ဇေယျာဓမ္မလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၆ (သမိုင်း)	၄၅/၅
၄	ဒေါ်ခင်ခင်	၁၂/အန (နိုင်) ၀၀၇၇၃၃	၁၆၀၊ ဇေယျာဓမ္မလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၆ (သမိုင်း)	၄၁/၂ + ၄၅/၄
၅	ဦးဘစိန် + ဒေါ်ခင်ခင်စန်း	၁၂/မတထ (နိုင်) ၂၀၃၀၆၀ ၇/သဂတ (နိုင်) ၀၈၄၂၂၅	၅/၅၅ (င)၊ အောင်ဇေယျာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၆/၂
၆	ဒေါ်သိန်းတင်	၁၂/မရက (နိုင်) ၀၅၇၃၁၁	၅/၅၇ အောင်ဇေယျာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၆/၁၀
၇	ဦးသန်းမြင့် + ဒေါ်ခင်ရွှေ	၁၂/လမတ (နိုင်) ၀၂၇၉၁၁ ၁၂/မရက (နိုင်) ၁၀၁၄၀၄	၅/၅၇ အောင်ဇေယျာလမ်းသွယ် ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၆/၁၂
၈	ဒေါ်ခင်ဆမ်နီ	၁၂/မရက (နိုင်) ၀၈၄၂၃၁	၃၁၊ အောင်ဇေယျာလမ်း ၆ ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ M
၉	ဒေါက်တာ ဒေါ်မီမီ(ခ) ဒေါ်မြင့်မြင့်ကြွ	EF. ၀၀၈၁၁၅	၅/၂၄ အောင်ဇေယျာလမ်း (၆)ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ D
၁၀	ဦးသိန်းသန်းဝင်း	၁၂/မရက(နိုင်)၀၇၂၅၆၁	၅/၄၆ အောင်ဇေယျာလမ်း (၆)ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ U
၁၁	ဒေါ်ခင်အေးကြည်	၁၂/မရက(နိုင်)၀၅၆၉၅၂	၅/၄၇ အောင်ဇေယျာလမ်း (၆)ရပ်ကွက် မရမ်းကုန်းမြို့နယ်	မရမ်းကုန်း	၂၇ (သမိုင်း)	၄/၁၀ V

မြေနှင့်အခွန်ဌာနမှူး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ACE Data Systems
Software Engineering Level I
Enroll Now!

မွေးနေ့ဆုမွန်လွှာ

GR-I-C

ချစ်သားလေး **သန့်လျှံထွန်း** GR I C (YIEC)၏ ၂၉–၈–၂၀၀၃ရက်နေ့တွင် ကျရောက်သော (၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒများပြည့်ဝပြီး ပညာဉာဏ်ထူးချွန်ထက်မြက်သော သားကောင်းသားမြတ်ရတနာဖြစ်ပါစေ . . .။

ဖေဖေ – ဦးကျော်ဇင် OPAL Int's Ltd.
မေမေ – ဒေါ်သီဂီထွန်း
မမ – ဇင်လဲ့ရည်ဖြိုး GR III A (YIEC)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်ပညာရေးတက္ကသိုလ်
(၃၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၀၂–၂၀၀၃ပညာသင်နှစ်အတွင်း ရန်ကုန်ပညာရေးတက္ကသိုလ်မှ M.Ed, M.A(TEFL), B.Ed, PGDMA, PGDT Dip (ELTM) သင်တန်း အောင်မြင်ခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့– ၂၂–၁၀–၂၀၀၃ (ဗုဒ္ဓဟူးနေ့)
၂၃–၁၀–၂၀၀၃ (ကြာသပတေးနေ့)

ကျင်းပမည့်နေရာ– ဘွဲ့နှင်းသဘင်ခန်းမ

ကျင်းပမည့်အချိန်– ဗုဒ္ဓဟူးနေ့နံနက်ပိုင်း(၉:၀၀)နာရီတွင် M.Ed, M.A (TEFL), B.Ed (စတုတ္ထနှစ်)၊ Dip(ELTM)ဘွဲ့အတွက်လည်းကောင်း၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း (၁၅:၀၀)နာရီတွင် PGDT IV, PGDMA III ဘွဲ့အတွက်လည်းကောင်း၊ ကြာသပတေးနေ့ နံနက်ပိုင်း(၉:၀၀)နာရီတွင်ပညာရေးဘွဲ့ စာပေးစာယူသင်တန်းဘွဲ့အတွက်လည်းကောင်း ကျင်းပမည်။

ပေးအပ်မည့်ဘွဲ့– M.Ed, M.A(TEFL), B.Ed, Diploma

ဘွဲ့နှင်းသဘင်ကြေး–၁၅၀၀ိ/–(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ကြေး–၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ)

အစမ်းလေ့ကျင့်မည့်ရက်–၂၁–၁၀–၂၀၀၃(အင်္ဂါနေ့)

အစမ်းလေ့ကျင့်မည့်အချိန်–နံနက်(၁၀:၀၀)နာရီတွင်– M.Ed, M.A(TEFL), B.Ed(စတုတ္ထနှစ်), Dip (ELTM), PGDT IV, PGDMA IIIဘွဲ့အတွက်လည်းကောင်း မွန်းလွဲ(၁:၀၀)နာရီတွင်–ပညာရေးဘွဲ့ စာပေးစာယူသင်တန်းဘွဲ့အတွက်လည်းကောင်း နှစ်ချိန်ခွဲ၍ ကျင်းပမည်။

လျှောက်လွှာပိတ်ရက်–၁၉–၉–၂၀၀၃(သောကြာနေ့)

မှတ်ချက်။ ။(၁) သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂ x၁ ½)လက်မ ဓာတ်ပုံ(၂)ပုံပူးတွဲလျှောက်ထားရမည်။
(နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာရန်)

(၂)နှစ်ဟောင်းမှ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
*လျှောက်လွှာနှင့်အတူ မှတ်ပုံတင်မိတ္တူပူးတွဲပေးပို့ရမည်။

(၃)ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

(၄)နယ်မှလျှောက်ထားသူများသည်သတ်မှတ်ကြေးများကိုရန်ကုန်ပညာရေးတက္ကသိုလ်၊ ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်း သဘင်ကြေး ဟုဖော်ပြ၍ လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

(၅)အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

(၆)ဘွဲ့ဝတ်စုံငှားရမ်းရန်ထောက်ခံစာကို ၁၃–၁၀–၂၀၀၃(တနင်္လာနေ့)မှစ၍ ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

(၇)အသေးစိတ်ကို ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။

ချုပ်ချုပ်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်ပညာရေးတက္ကသိုလ်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

တာချီလိတ်မြို့နေ (၄)လမ်း၊ ပုန်းထွန်ရပ်ကွက်၊ အမှတ်(၁၁/၇၆)နေ မောင်ထွန်းထွန်းနိုင် မှတ်ပုံတင်အမှတ်[၁၂/ရပသ(နိုင်)၀၃၂၁၉၆]သည် ကျေးဇူးရှင်မိဘ၊ ညီအစ်ကိုမောင်နှမ မျက်နှာမထောက်ထားဘဲ တစ်ကိုယ်ကောင်းဆန်စွာ ပြုမူလုပ်ဆောင်ခဲ့သည့်အပြင် မိဘနှင့်အစ်မတို့၏ ဆိုဆုံးမမှုကိုလည်း မနာခံဘဲ ရိုင်းပျစွာ ပြုမူပြောဆိုဆက်ဆံလာသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဖခင် – ဦးတင်သိန်း[AG–၂၇၃၀၇၂]။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊ စွယ်တော်မြတ်စေတီတော်အနီး
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ဒီပလိုမာ(၁)နှစ်သင်တန်းတက်ရောက်ခွင့်

လျှောက်လွှာများခေါ်ယူခြင်း

၁။ အရည်အချင်းသတ်မှတ်ချက်–
(က) ပြည်တွင်းလျှောက်လွှာရှင်များ
(၁) ရဟန်းတော်များ ဓမ္မာစရိယတန်းအောင်မြင်ပြီးဖြစ်ရမည်။
(၂) သာသနာ့နွယ်ဝင်သီလရှင်များ၊လူပုဂ္ဂိုလ်များ(ကျား/မ) တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိရမည်။
(၃) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
(ခ) ပြည်ပလျှောက်လွှာရှင်များ
